မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၃၁ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေးလုပ်ငန်းသုံး သဘာဝမြေဩဇာထုတ်လုပ်မှုလုပ်ငန်း တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ရက် မွန်းလွဲပိုင်းက မုတ်လွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး သဘာဝမြေဩဇာထုတ်လုပ်မှုလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက သဘာဝမြေဩဇာထုတ်လုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နှမ်းစပါးစိုက်ခင်း

ဆက်လက်၍ တိုင်းမှူးသည် ဂူယန်ကျေးရွာရှိ နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အညာတစ်ခွင်စိမ်းစိုဖို့ သစ်တောသစ်ပင်စိုက်ကြစို့

သတင်းခရီးသည်-မြင့်ဝေလှိုင်

ဓာတ်ပုံမှတ်တမ်း-ရဲသူရအောင် (ညောင်ဦးခရိုင် ပြန်/ဆက်)

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

နေပြည်တော် မေ ၃၀

ယခုနှစ် နွေကာလသည် ယခင်နှစ်များကထက်ပို၍ ပူပြင်းလှသည်။ နွေကာလတိုင်း အပူဆုံးဖြစ်ခဲ့သည့် အညာဒေသ၌မူ ဆိုဖွယ်ရာမရှိပါချေ။ ယခုနှစ် အညာရပ်ဝန်း ညောင်ဦးနှင့် ကျောက်ပန်းတောင်းဒေသဝန်းကျင်၏ အပူဆုံးစံချိန်သည် ၄၅ဒီဂရီစင်တီဂရိတ်အထိပင် ရှိခဲ့သည်။

အုံ့အုံ့ဆိုင်းဆိုင်း

ထိုကာလ၏ နေ့တစ်နေ့ဖြစ်သော ဧပြီ ၂၀ရက်နေ့က အညာမြေ၏ အိုအေစစ်တစ်ခုဖြစ်သည့် ပုပ္ပားတောင်ဝန်းကျင်သို့ စာရေးသူ ရောက်ရှိခဲ့သည်။ ပုပ္ပားတောင်ခြေကျေးရွာကလေးသည် သစ်ပင်ရိပ်ကြီးများဖြင့် အေးမြ၍နေသည့်အပြင် ဝန်းကျင်တစ်ခိုရှိ တောင်တန်းများသည်လည်း သစ်ပင်ကြီးများဖြင့် အုံ့အုံ့ဆိုင်းဆိုင်းရှိနေသည်။

ပုပ္ပားတောင်ကလပ် အတက်လမ်းဘေးဝဲယာမှာတော့ သစ်ပင်ကြီးများဖြင့် ဖုံးလွှမ်းနေသည်။ တောင်ကလပ်အတက်လမ်း တစ်ဝက်ခန့်အရောက် လက်ဝဲဘက်တွင် ပုပ္ပားတောင်အပန်းဖြေစခန်း (Popa Mountain Resort) လမ်းခွဲကို တွေ့ရသည်။ ထိုလမ်းခွဲအတိုင်း တက်သွားပြီး မကြာမီ စိမ်းစိုသော သစ်ပင်ကြီးငယ်များဖြင့် ဝိုင်းရံလျက်ရှိသည့် ပုပ္ပားတောင်အပန်းဖြေစခန်းသို့ ရောက်ရှိခဲ့သည်။

တောင်ပေါ်သီးနှံစိုက်ခင်း

ပုပ္ပားတောင်အပန်းဖြေစခန်းသည် ပုပ္ပားတောင်ဝန်းကျင်သို့ လာရောက်လေ့လာသူ ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များ ခေတ္တနားခိုရာနေရာလေးဖြစ်သည်။ နားနေဆောင်များ၊ စိမ်းစိုနေသော သစ်ပင်ကြီးများအပြင် တောင်ပေါ်သီးနှံစိုက်ခင်းများကိုပါ တွေ့ရသည်။

ပုပ္ပားတောင်ဝန်းကျင် စိမ်းစိုနေမှု၊ စိမ်းကြည်နေသော တောင်ပေါ်ရေကူးကန်ရှိသည့် ပုပ္ပားတောင်အပန်းဖြေစခန်း၏ဝန်းကျင် စိမ်းစိုနေမှုတို့နှင့် စပ်လျဉ်း၍ စာရေးသူသိရှိလိုသဖြင့် အပန်းဖြေစခန်းတာဝန်ခံ ဦးမြင့်လွင်အား မေးမြန်းကြည့်မိရာ-

“ပုပ္ပားတောင်ဝန်းကျင်မှာ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး သစ်ပင်ပန်းမန်တွေနဲ့ စိမ်းစိုနေတာကတော့ အမြဲတမ်း ရေရနေလို့ပါပဲ။ ပုပ္ပားတောင်ဝန်းကျင်မှာ စိမ့်စမ်းရေထွက်တွေ ရှိပါတယ်။ ကျွန်တော်တို့ ပုပ္ပားတောင်အပန်းဖြေစခန်းဟာ ရေမျက်နှာပြင်အထက် ၂၆၁၈ပေ မြင့်ပေမယ့် အမြဲတမ်းရေရှိနေပါတယ်။”



ညောင်ဦးခရိုင် ဘူးကင်းတောင်ခြေရင်းမှ သစ်တောပျိုးခင်း ဥယျာဉ်၏အလှ....။

စိမ်းလန်းစိုပြည်သော ပုပ္ပားတောင်ဝန်းကျင်၏ အလှပသာဒ မြင်ကွင်း....။

ပုပ္ပားတောင်မကြီးသည် ရေမျက်နှာပြင်အထက် ၄၉၈၁ပေမြင့်သည်။ ပုပ္ပားတောင်ကလပ်ကမူ ၂၄၇၁ပေမြင့်သည်။ မည်သို့ပင် အမြင့်ပေရှိပါစေ ရေရလျှင်သစ်ပင်၊ ပန်းမန်တွေက ပျော်ကြ၊ ရှင်သန်ကြစမြဲပင်....။

ရာသီဥတု မျှတကောင်းမွန်

အညာဒေသဖြစ်သော ပုပ္ပားတောင်ဝန်းကျင်တွင် သဘာဝ စိမ့်စမ်းရေများကြောင့် သစ်ပင်များ ရှင်သန်ကြီးထွားပြီး သစ်ပင်များရှိခြင်းကြောင့်လည်း ရာသီဥတု ညီညွတ်မျှတကောင်းမွန်ခြင်းဖြစ်သည်။

ယခုအခါ အညာဒေသတွင် ဆည်တမံများ၊ မြစ်ရေတင်များ၊ စက်ရေတွင်းများကို အခြေပြု၍ ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ထိုမှရသော စိုက်ပျိုးရေများဖြင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက သစ်တောသစ်ပင် စိုက်ပျိုးရေးလုပ်ငန်းများကို အချို့နေရာများ၌ မိမိဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ အချို့နေရာများ၌ ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်း၍လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁

31-5 (01).pmd 1 5/31/2010, 2:08 AM

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် မေ ၃၁ရက်)

ဆေးလိပ်သောက်သုံးမှုရှောင်ကြဉ် ကျန်းမာပျော်ရွှင်သောမိသားစုဘဝတည်ဆောက်

မေလ ၃၁ရက်နေ့ (ယနေ့)သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဖြစ်သည်။ ယနေ့အချိန်အခါ၌ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေး လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်း၏ တိုးတက် အောင်မြင်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြု၍ ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆုကို ချီးမြှင့်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေငါးသန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ရောဂါများဖြစ်ပွားသေဆုံး လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ရောဂါများဖြစ်ပွားသေဆုံးမှုသည် လူအများသေဆုံးရခြင်း၊ ရောဂါဖြစ်ပွား ရခြင်းတို့၏ အဓိကအကြောင်းခံတရားဖြစ်လာနိုင်ပေသည်။

ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် စီးကရက်အမျိုးမျိုးသောက်ခြင်းကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်း၊ ပါးစပ်၊ လျှာ၊ အစာပြွန်၊ လေပျိုပြွန်နှင့် အခြားကင်ဆာများဖြစ်ပွားနိုင်သည်။

ဆေးလိပ်၊ ဆေးရွက်အန္တရာယ်ကင်းဝေးရန်အတွက် ကျန်းမာပညာပေးလုပ်ငန်းတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ ကျန်းမာရေးပညာရှင် များနှင့်အတူ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကပါ လက်တွဲဖော်ဆောင်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ အနာဂတ်တာဝန်ကို လက်ဆင့်ကမ်းသယ်ယူထမ်းရွက်ကြမည့် ကျောင်းသားလူငယ်ထုအတွင်း စိမ့်ဝင်အန္တရာယ်ပြုလာသော ဆေးလိပ်အန္တရာယ်ကို မိဘ၊ ဆရာနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ လူတိုင်းကျန်းမာကြံ့ခိုင်သော လူမှုဘဝနှင့်ပြည့်စေရန် ကျန်းမာပျော်ရွှင်သောမိသားစုဘဝရရှိရန်၊ နိုင်ငံတော်အကျိုးသယ်ပိုး နိုင်သော သားကောင်းရတနာဖြစ်ထွန်းရန် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်၍ ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၅။	မျိုးချစ်တပ်မတော်
၄:၄၅	၆။	စိုက်ပျိုးသုတ
၄:၅၅	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၃၀	၉။	မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား **Slovakra and Slovenia**
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လှုပ်တစ်ပြက်
၆:၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း** (အပိုင်း-၁၅)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of the Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၅၂)

City Mart Supermarket Junction -8 ဆိုင်ခွဲမွမ်းမံဖွင့်လှစ်

ရန်ကုန် မေ ၃၀

City Mart Supermarket Junction-8 ဆိုင်ခွဲကို ပိုမိုဆန်းသစ်ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ပြင်ဆင်ပြီး မေ ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်လိုက်သည်။ **(အောက်ယာပုံ)**

စီစဉ်ထား

အဆင့်အတန်းမြင့် စားသောက်ကုန်အမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အရည်အသွေးကောင်းမွန်၍ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် ရာသီစာသစ်သီးဝလံအမျိုးမျိုး၊ အသင့်ချက်ပြုတ်စားရန် ထုပ်ပိုးပြင်ဆင်ထားသော သားငါးများ၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ Juice၊ Coffee အမျိုးမျိုး၊ အရည်အသွေးကောင်းမွန်သော Cosmetics အမှတ်တံဆိပ်များကို တစ်နေရာတည်းတွင် ပြည့်စုံစွာ ဝယ်ယူရရှိနိုင်ရန် စီစဉ်ထားသည်။

ထပ်မံတိုးချဲ့

ထို့အပြင် ဈေးဝယ်သူများ ငွေရှင်းရာတွင် လွယ်ကူအဆင်ပြေစေရန် ငွေရှင်းကောင်တာ (၁၁)ခုကို ထပ်မံတိုးချဲ့ စီစဉ်ထားသည်။

မိသားစုဝင်တိုင်း၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် "ဆေး"မျိုးစုံကို ယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်သော City Medic Pharmacy လည်းပါရှိသည်။

ရွေးချယ်နိုင်

ပြည်တွင်း ပြည်ပ နိုင်ငံတကာသီချင်းခွေများ၊ သီချင်း CD ခွေများ၊ VCD ခွေများ၊ DVD ခွေများကို တစ်နေရာတည်းတွင် စုံလင်စွာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သော City Music Center အပြင် မြန်မာစာပေနှင့် နိုင်ငံတကာမှ စာအုပ်စာပေများ၊ အပတ်စဉ်ထုတ်ဝေသော ဂျာနယ်များကို စိတ်တိုင်းကျ ရွေးချယ်နိုင်ရန်အတွက် စီစဉ်ပေးထားသည်။

ထပ်မံအားဖြည့်

City Mart Holding Co., Ltd. အနေနှင့် City Mart Supermarket ဆိုင်ခွဲများအတွက် အကြံပေးချက်များကို လက်ခံကြိုဆိုရင်း ဈေးဝယ်သူများ အားလုံးအတွက် ကျေနပ်အကျိုးရှိစေမည့် အသစ်အသစ်သော ဝန်ဆောင်မှုများဖြင့် ထပ်မံအားဖြည့်သွားရန် အစဉ်အမြဲကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာသင်ထောက်ပံ့ကြေး

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် မေ ၃၀

၂၀၁၀ -၂၀၁၁ ပညာသင်နှစ်အတွက် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားပြီး ၂၀၁၀ -၂၀၁၁ ပညာသင်နှစ်တွင် မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားနေသော အလုပ်သမား ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ်၆၆၈၈၅၀၀ကို ပေးအပ်သည်။ အဆိုပါ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မေ ၂၉ရက်က ဦးအောင်သိန်း (၁၈)နှစ်ပြည့်အား ရည်စူး၍ သံတံတားလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဇနီး ဒေါ်သန်းသန်းအောင်နှင့် သားသမီးမြေးတစ်စု (စည်တော်ဝန်ခရီးသွားလာရေးလုပ်ငန်း) က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး ပဒေသာပင် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(သံဃာ့ဆေးရုံ)

UMFCCI သင်တန်းကျောင်း၌ သင်တန်းများ ဖွင့်လှစ်ပို့ချမည်

ရန်ကုန် မေ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ UMFCCI Training Institute သည် အသင်းသားများ၊ အသင်းဝင် ကုမ္ပဏီများမှ ဝန်ထမ်းများ၊ ညီနောင်အသင်းအဖွဲ့များ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး လုပ်ငန်းခွင်ဝင်မည့်သူများနှင့် လုပ်ငန်းခွင်များမှ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးတို့ကို ရည်ရွယ်လျက်လုပ်ငန်းခွင်တွင် လက်တွေ့အသုံးပြုရန် အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် General Course on Intellectual Property DL- 101, WIPO, Worldwide Academy (Batch-9) သင်တန်း၊ Computerized Accounting MYOB Basic Course (Equivalent with LCCI Level 2) Batch -1 Session A and B သင်တန်းများကို ဇွန် ၁၂ရက်မှ စတင်ဖွင့်လှစ်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်း

သင်တန်းဝင်ခွင့်လျှောက်လွှာများကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်၂၉ UMFCCI Training Institute ၌ ရယူ၍ ဇွန် ၁၁ရက် (သောကြာနေ့) အတွင်း တင်သွင်းနိုင်ကြောင်းနှင့် ဖုန်း- ၂၁၄၃၄၄နှင့် ၂၁၇၄၈၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီး ဦးလွှန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွှန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ye Dabo နှင့် အဖွဲ့သည် မေ ၂၈ရက် ညနေ ၅နာရီခွဲက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဦးခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

အမှာစကား

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဦးစီးဌာနများအလိုက် ပြီးခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပါမောက္ခချုပ်များက ဝန်ထမ်းရေးရာနှင့် သင်ကြားရေးဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်၊ တိုင်း ပြတိုက်နှင့် စာကြည့်တိုက် တာဝန်ခံအရာရှိများ၊ ဌာနခွဲ၊ ဌာနစု တာဝန်ခံအရာရှိများက လုပ်ငန်းတာဝန်ထမ်းဆောင်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် သုံးသပ်၍ လိုအပ်သည်များ မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညနေပိုင်းတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘားအံမြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

နေပြည်တော် မေ ၃၀

ကရင်ပြည်နယ် ကော်မရှင်အဖွဲ့က ကြီးမှူးဖွင့်လှစ်သော ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို မေ၁၈ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

အမှာစကားပြောကြား

အဆိုပါ သင်တန်း၌ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပို့ချပေး

သင်တန်းတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို မေလ ၁၉ရက်အထိ နှစ်ရက်ကြာ ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချီ

နေပြည်တော် မေ ၃၀

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၂၀)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မင်္ဂလာဈေးမီးလောင်မှု နောက်ဆက်တွဲနောက်ဆုံး သတင်းများနှင့်အတူ သတင်းဓာတ်ပုံများ၊ လာနီညာဖြစ်လာလျှင် ဒီဇင်ဘာတွင် အားအမြင့်ဆုံးရောက်ရှိမည်၊ ၂၀၁၀ မြန်မာ့စီးပွားရေးအလားအလာ ဘယ်လိုခန့်မှန်းသလဲ၊ ၂၀၁၁ခုနှစ်တွင် ငမိုးရိပ်စီမံကိန်း ဒုတိယအဆင့်ပြီးစီးပါက ရေဂါလန် ၄၅သန်း ထပ်မံ ဖြန့်ဝေနိုင်မည်၊ မိုးရွာပြန်တော့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဂရုစိုက်ကြရဦးမည်၊ ဇာတိမာန်တက်ကြွစေသည့် ဆေးရောင်နှင့်စုတ်ချက်များ စသည့် မျက်နှာဖုံး ဆောင်းပါးများ၊ လူထုစိန်ဝင်း၊ မောင်စူးစမ်း၊ မောင်ဝံသတို့၏ လေ့လာမှတ်သားဖွယ် ရသစုံဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ခေတ်သစ်ပြည်သူ့ပါတီမှ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် တာဝန်ရှိသူများအကြောင်း ဖော်ပြထားသည့် သူတို့အမြင် သူတို့အကြောင်း၊ ရွေးကောက်ပွဲနှင့် ၂၀၁၀လွန်ကာလ ရုပ်ရှင်အနုပညာရှင်များ၏ အမြင်နှင့် သဘောထား၊ စင်ကာပူဝန်ကြီးချုပ်ရဲ့ မဲဆွယ်စကား လက်တွေ့မှာလည်း ဖွံ့ဖြိုးတိုးတက်သွား စသည်တို့ကို စုံလင်စွာဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များနှင့် မှုခင်းစုံစသည့် ကဏ္ဍများ ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့ပြင် မင်္ဂလာဈေးမီးလောင်ဆုံးရှုံးသည့် ပိုင်ရှင်များအား မြို့တော်ဘဏ်မှ ငွေများထုတ်ချေးမည်၊ မင်္ဂလာမွန်ဈေးအနောက်ဘက်၌ အခကြေးငွေလုံးဝပေးဆောင်ရန် မလိုသည့် ယာယီဈေးဖွင့်ရန် စီစဉ်နေပြီ၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်နိုင်ရန် သင်တန်းဖွင့်မည်၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတိုက်ရိုက်ဘဏ်စနစ် ချိတ်ဆက်မှု တည်ထောင်မည်၊ ဇီဝလောင်စာထုတ်ယူနိုင်သည့် ဂျပန်စပ်မျိုး အထွက်တိုးအုန်းပင်များ မြန်မာနိုင်ငံတွင် စိုက်ပျိုးရန် ဂျပန်နိုင်ငံက စိတ်ဝင်စားစသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ရှိ ကျေးရွာစာကြည့်တိုက်များသို့ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ စာအုပ်များလှူဒါန်း

နေပြည်တော် မေ ၃၀

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ နေပြည်တော်ရှိ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို မေ ၂၇ရက်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ မြတ်ဆုမွန်စာကြည့်တိုက်နှင့် နေပြည်တော်လယ်ဝေးမြို့နယ် ရေလည်ကွေ့ကျေးရွာ အလင်းရောင်စာကြည့်တိုက်တို့၌ ကျင်းပသည်။

စာအုပ်လှူဒါန်းပွဲ

ရှေးဦးစွာ စာအုပ်လှူဒါန်းပွဲကို ACE ကုမ္ပဏီမှ ဦးတင့်ဆန်း - ဒေါက်တာဒေါ်ဌေးဌေးငြိမ်းမိသားစုက မတည်လှူဒါန်းသည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ မြတ်ဆုမွန်စာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးသန်းထွန်းနှင့် နေပြည်တော်ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစောလင်း (စောငဝါ)တို့က စာပေရေးရာများ ဟောပြောကြသည်။ ထို့နောက် မြတ်ဆုမွန်စာကြည့်တိုက်သို့ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ငွေကျပ် ၁၁၅၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၃၀၀ကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းဆွေက လက်ခံသည်။

လွှဲပြောင်းပေးအပ်

အလားတူ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ အလင်းရောင်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို

စိုးစံလေ့ကျင့်ရေးစခန်းပိုင်ရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) - ဒေါ်နန်းယဉ်ညွှန့် မိသားစုက ဆောက်လုပ်လှူဒါန်းသည့် နေပြည်တော်လယ်ဝေးမြို့နယ် ရေလည်ကွေ့ကျေးရွာ အလင်းရောင်စာကြည့်တိုက်၌ ဆက်လက်ကျင်းပသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေနှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် နိုင်မင်း (နေပြည်တော်)တို့က စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောကြပြီး ငွေကျပ် ၁၁၅၀၀၀ တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်း စာအုပ် ၃၀၀ကို လွှဲပြောင်းပေးအပ်ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်က လက်ခံသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားများသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်လတ်၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေ၊ နေပြည်တော် ပျဉ်းမနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ နေပြည်တော် လယ်ဝေးမြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးဇော်အောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျော်ဖုံးမှ

ဆက်စပ်ဖြစ်ပွား

ဆေးလိပ်သောက်ခြင်းကြောင့် သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသော ရောဂါများ ဆက်စပ်ဖြစ်ပွားမှုကြောင့် သေဆုံးမှုများပြားလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ စာရင်းအရ နှစ်စဉ်ဆေးလိပ်သောက်သုံးခြင်းကြောင့် ကမ္ဘာတစ်ဝန်းလူငါးသန်းခန့် သေဆုံးလျက်ရှိသည်ဟုဆို၏။

ခန့်မှန်းထား

လက်ရှိအနေအထားအတိုင်း ဆေးလိပ်သောက်သုံးနေကြမည်ဆိုပါက ၂၀၂၀ပြည့်နှစ် အရောက်တွင် ဆေးလိပ်သောက်သုံးခြင်းကြောင့် သေဆုံးသူ ၁၀သန်းအထိ တိုးလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။

ဩစတြီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးမှု အများဆုံး နိုင်ငံဖြစ်သည်။ အသက် ၂၀မှ အသက် ၅၀အကြားရှိသူ အများစုမှာ ဆေးလိပ်သောက်သုံးနေကြသည်။ ယင်းအတွက် ဩစတြီးယားနိုင်ငံ၌ လူ့အသက်ပေါင်း များစွာတို့ သေကျေဆုံးရှုံးနေရသကဲ့သို့ စီးပွားရေးအရလည်း များစွာဆုံးရှုံးလျက်ရှိသည်။

မိန်းကလေး

အလားတူ ဂျော်ဒန်နိုင်ငံတွင်လည်း အရွယ်ရောက်သူ ငါးဦးလျှင် တစ်ဦး ဆေးလိပ်သောက်သုံးနေကြသည်ဟု ဆို၏။ ထိုနိုင်ငံတွင် အသက် ၁၃ နှစ်မှ ၁၈ နှစ် အတွင်း ဆေးလိပ်သောက်သော မိန်းကလေးမှာ ၁၅ရာခိုင်နှုန်းရှိသည်။ ထိုစဉ်အတွင်း အမျိုးသားများ ဆေးလိပ်သောက်သုံးမှုမှာ ၂၆ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

ပစ်မှတ်ထား

ဆေးလိပ်ထုတ်လုပ်သော ကုမ္ပဏီများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီးနှင့် လူငယ်လူရွယ်များအား ပစ်မှတ်ထားလျက် ကြော်ငြာခြင်း၊ ဈေးကွက်ဖန်တီးခြင်းတို့ တိုးမြှင့်ပြုလုပ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားသည်။

ကမ္ဘာပေါ်၌ အမျိုးသား ၄၀ရာခိုင်နှုန်း ဆေးလိပ်သောက်နေကြချိန်တွင် အမျိုးသမီး ကိုးရာခိုင်နှုန်းတို့မှာ ဆေးလိပ်သောက်သုံးနေကြသည်။ ယင်းရာခိုင်နှုန်းများသည် အပြောင်းအလဲမရှိသည်မှာ နှစ်အတန်ကြာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးလိပ်ထိန်းချုပ်ရေး ညွှန်ကြားရေးမှူး ဒေါက်ကလပ်ဘလက်ချာက ပြောကြားသည်။

ထက်ဝက်ခန့်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ လူငယ်ဆေးလိပ်သောက်သုံးမှု စစ်တမ်းအရ နိုင်ငံပေါင်း ၁၅၁နိုင်ငံတွင် လူထက်ဝက်ခန့်မှာ ဆေးလိပ်သောက်သုံးနေကြကြောင်း ဖော်ပြထားသည်။

တိုက်တွန်း

သို့ဖြစ်၍ သက်ဆိုင်ရာအစိုးရများအနေဖြင့် ဆေးလိပ်များကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းတို့ကို ပိတ်ပင်တားမြစ်ထားရန် လိုအပ်ပြီး၊ အများပြည်သူများနှင့်ဆိုင်သော နေရာများ၊ လုပ်ငန်းခွင်နေရာများတွင် ဆေးလိပ်သောက်သုံးမှုမပြုရန် တားမြစ်ပိတ်ပင်သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းထားသည်။ **(အင်တာနက်)**

မရမ်းကုန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၂) ကျောင်းခန်းမ၌ မေ ၂၅ရက် နံနက် ၁၀နာရီက (၂၀၁၀-၂၀၁၁)ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော် တက်ရောက်၍ ကျောင်းသုံးစာအုပ် စာရေးကိရိယာများ တက်ရောက်လှူဒါန်းသည်။ **(အောက်ပုံ) (၁၁၁)**

31-5 (03).pmd 1 5/31/2010, 2:08 AM

ကျီအန်းမြို့နှင့်ဆက်သွယ်မည့် ပထမဆုံးမြေအောက် ရထားလမ်းတည်ဆောက်

ကျီအန်း မေ ၃၀

တရုတ်နိုင်ငံ၏ ရှေးဟောင်းမြို့တော်ဖြစ်သောကျီအန်းမြို့သို့ ဆက်သွယ်ထားသည့် ပထမဆုံး မြေအောက်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းကို စတင်လျက်ရှိကြောင်း ဆင်ဟွာသတင်း၌ မေ၂၈ရက်က ဖော်ပြသည်။

စီစဉ်

အဆိုပါ မြေအောက်ရထားလမ်းကို ၂၀၁၁ခုနှစ်အတွင်း ဖွင့်လှစ်ရန် စီစဉ်ထားသည်ဟု ကျီအန်းမြေအောက်ရထားလမ်း တည်ဆောက်ရေးကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် ချန်တုံရှန်းက ပြောကြားသည်။

ကျီအန်းမြို့ကိုဆက်သွယ်ရန်အတွက် မြေအောက်ရထားလမ်း စုစုပေါင်းခြောက်ခုအထိ တစ်ပြိုင်တည်း တည်ဆောက်သွားရန် စီစဉ်ထားပြီး အဆိုပါမြေအောက်ရထားလမ်းများကို ၂၀၁၅ခုနှစ်မတိုင်မီ အပြီးတည်ဆောက်သွားမည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နျူကလီးယားကြေညာချက်အပေါ် ရုရှားသဘောထား ရန်သူဖြစ်သွားနိုင်ကြောင်း အီရန်သမ္မတ သတိပေး

တီဟီရန် မေ ၃၀

အီရန်နိုင်ငံ၏ နျူကလီးယားကြေညာချက်ကိုဆန့်ကျင်သည့် ရုရှားနိုင်ငံ၏ ရပ်တည်ချက်က ရုရှားနိုင်ငံအား အီရန်၏ ရန်သူအဖြစ် ပြောင်းလဲသွားစေနိုင်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်က သတိပေးလိုက်သည်။

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်

အီရန်ပြည်သူများက ရုရှားအား သမိုင်းဝင်ရန်သူအဆင့်သို့ထားရှိစေမည့် အခြေအနေတစ်ရပ်ကို ရုရှားခေါင်းဆောင်များက မဖန်တီးသင့်ဟု မာမွတ်အာမက်ဒီနီဂျက်က ကာမင်ဒေသ၌ မေ၂၈ရက်က ပြောကြားသည်။ အမေရိကန်အဆိုပြုပြီး အီရန်အားဆန့်ကျင်ထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အား ထောက်ခံသော ရုရှား၏ ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ဖော်ပြပါ ဝေဖန်ပြောကြားချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ပြောကြား

ယနေ့အချိန်အခါသည် အီရန်နှင့်ပတ်သက်သည့် ရုရှားသမ္မတ မက်ဗီဒက်ဗ်၏ အပြုအမူကို ရှင်းလင်းပြသရန် မိမိတို့အနေဖြင့် ခက်ခဲသည့်အချိန်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ အီရန်ပြည်သူများက ရုရှားတာဝန်ရှိပုဂ္ဂိုလ်များသည် မိတ်ဆွေ ဟုတ်မဟုတ် မသိရှိသေးကြောင်း စသည်ဖြင့် မာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်တုံမြို့ ဟိုချန်စီရင်စု၌ အရေးပေါ်ကုသခြင်းသင်ခန်းစာကို ကျောင်းသားလူငယ်တစ်ဦး လက်တွေ့လေ့လာသင်ယူနေသည်ကို မေ၂၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပနေသည်ကို မေ၂၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ဗီတာမင်အေဆေးများတိုက်ကျွေး

ဒါကာ မေ ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် ကလေးငယ်များ မျက်စိအမြင်ချို့တဲ့မှုကို ကာကွယ်နိုင်ရန်အတွက် မေ၂၉ရက်မှစတင်ကာ ဗီတာမင်အေဆေးများ တိုက်ကျွေးမှုကို စတင်ပြုလုပ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေး အရာရှိများက ပြောကြားသည်။

တိုက်ကျွေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း အသက်တစ်နှစ်မှ ငါးနှစ်အတွင်း ကလေးငယ်သန်း ၂၀ ကျော်အား ဗီတာမင်အေဆေးများနှင့် အသက်နှစ်နှစ်မှငါးနှစ် အောက်ကလေးငယ်များအား ကာကွယ်ဆေးများ တိုက်ကျွေးမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖြန့်ဝေပေး

ယင်းဆေးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကျန်းမာရေးဆေးပေးစုရပ်ပေါင်း ၁၄၀၀၀၀၌ စတင်တိုက်ကျွေးဖြန့်ဝေနေပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းသို့ ရထား၊ သင်္ဘောနှင့်စက်လှေများဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ဗီတာမင်အေဆေးများကို ၂၀၀၅ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၈၅ရာခိုင်နှုန်း ဖြန့်ဖြူးတိုက်ကျွေးနိုင်ခဲ့ရာ ယခု ၂၀၁၀ခုနှစ်၌ ၉၆ ဒသမ ၆ ရာခိုင်နှုန်းအထိ ဖြန့်ဝေတိုက်ကျွေးရန် စီစဉ်ထားသည်။

(အင်တာနက်)

ဂျီ-၆ အစည်းအဝေး အီတလီ အိမ်ရှင်အဖြစ် လက်ခံကျင်းပ

ဗာအိစ် မေ ၃၀

အီတလီနိုင်ငံ ဗာအိစ်မြို့၌ အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်၊ စပိန်နှင့် ပိုလန်နိုင်ငံများမှ ပြည်ထဲရေးဝန်ကြီးများ၏ ခြောက်နိုင်ငံ(ဂျီ-၆)အစည်းအဝေးကို မေ၂၈ရက်မှ ၂၉ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတွင် မေ၂၉ရက်က ဖော်ပြသည်။

ခြောက်နိုင်ငံမှ ပြည်ထဲရေးဝန်ကြီးများအနေဖြင့် တရားမဝင်ပြောင်းရွှေ့နေထိုင်မှု၊ အကြမ်းဖက်မှုနှင့် ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်သူများအား နှိမ်နင်းတိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ အီးယူနှင့် အမေရိကန်နိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တူရကီ၌တိုက်ပွဲဖြစ်၍ နှစ်ဦးသေဆုံး

အင်ကာရာ မေ ၃၀

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ)အဖွဲ့နှင့် တူရကီတပ်ဖွဲ့ဝင်များ မေ ၂၉ရက်က ပဋိပက္ခဖြစ်ပွားရာ တူရကီတပ်ဖွဲ့ဝင် တပ်ကြပ်ကြီးတစ်ဦးနှင့် ကျေးရွာလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းဌာနက ထုတ်လွှင့်သည်။

ဒဏ်ရာရရှိ

အဆိုပါ တိုက်ပွဲအတွင်း အခြားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သီးခြားဖြစ်စဉ်အနေဖြင့် ဟက်ကာရီပြည်နယ်၌ မေ ၂၈ရက်က ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်း တူရကီတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ကြေညာသည်။

ပိုမိုဖြစ်ပွား

ပြီးခဲ့သည့် သီတင်းပတ်များအတွင်းမှစတင်ကာ တူရကီနိုင်ငံအရှေ့တောင်ပိုင်းရှိ ဒေသများ၌ ပီကေကေအဖွဲ့နှင့် တူရကီတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ ပိုမိုဖြစ်ပွားလာခဲ့သည်။

အသက်ဆုံးရှုံး

ပီကေကေအဖွဲ့ပါဝင်သည့် တိုက်ပွဲများကြောင့် ဆယ်စုနှစ်နှစ်စုကျော်အတွင်း လူ ၄၀၀၀၀ခန့် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အကူအညီတိုးမြှင့်ပေး

အော့တဝါ မေ ၃၀

ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး အပါအဝင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များကို ကိုင်တွယ်ဖြေရှင်းနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကနေဒါအစိုးရက ယင်း၏ထည့်ဝင်ငွေ ကနေဒါနိုင်ငံသုံး ဒေါ်လာ ၂၃၈ ဒသမ ၄ သန်းအထိ (အမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၅ သန်း)အထိ တိုးမြှင့်ပေးကြောင်း ကနေဒါနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဘီဘာလီအိုဒါနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး ပရင်တစ်တို့က မေ၂၈ရက်တွင် ကြေညာသည်။

ပိုမိုထည့်ဝင်

လေးနှစ်တာကာလအတွင်း တစ်ကမ္ဘာလုံး ပတ်ဝန်းကျင် အဆင်ပြေချောမွေ့ရေး အစီအစဉ် (ဂျီအီးအက်ဖ်)သို့ ကနေဒါက ထည့်ဝင်သည့်ငွေသည် လွန်ခဲ့သည့် လေးနှစ်က ထည့်ဝင်ခဲ့သည့်ငွေ ၁၅၈ ဒသမ ၉၄ သန်းထက် ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပိုမိုထည့်ဝင်သည်။

လေထုညစ်ညမ်းမှု၊ ဇီဝမျိုးကွဲများလျော့နည်းလာမှုနှင့် ရာသီဥတုပြောင်းလဲမှုစသည့် ခြိမ်းခြောက်မှုများ မြင့်တက်လာခဲ့မှုနှင့်အတူ ဂျီအီးအက်ဖ်က ကမ္ဘာ့ဖွံ့ဖြိုးမှုရည်မှန်းချက်၊ ရာသီဥတုကာကွယ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးပြဿနာများကို ဖြေရှင်းရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အကူအညီပေးနေသည်ဟု အိုဒါကပြောကြားသည်။

(အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ တီအန်းကမ်းလွန်ပင်လယ်ပြင်၌ စစ်ရေးလေ့ကျင့်နေကြသည့် တောင်ကိုရီးယားရေတပ်ကင်းလှည့်တပ်ဖွဲ့ကို မေ ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် လေတပ်စခန်းရွှေ့ရေး ဂျပန်နှင့်အမေရိကန် သဘောတူ

တိုကျို မေ ၃၀

အမေရိကန်နှင့်ဂျပန်တို့အကြား အငြင်းပွားနေသည့် အိုကီနာဝါကျွန်းရှိ အမေရိကန်လေတပ်စခန်းနှင့်ပတ်သက်၍ ထိုအငြင်းပွားမှုများ အဆုံးသတ်သွားစေရန် ကျွန်း၏အခြားတစ်နေရာတွင် ပြန်လည်နေရာချထားမည်ဖြစ်ကြောင်း နှစ်နိုင်ငံမှ ကြေညာချက်ထုတ်ပြန်ထားသည်။

အတည်ပြု

အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံ၏လုံခြုံရေးအား တာဝန်ယူအာမခံထားသည်ကို ပြန်လည်အတည်ပြုလိုက်ပြီး ဂျပန်နိုင်ငံကလည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးတွင် အပြုသဘောဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ထပ်မံပြောကြားလိုက်သည်။ အမေရိကန်လေတပ်စခန်းကို အိုကီနာဝါကျွန်း၏လူနေကျဲပါးရာအရပ်သို့ ပြောင်းရွှေ့အခြေစိုက်ရန် ၂၀၀၆ခုနှစ်က သဘောတူညီချက်ကို ယခုသဘောတူ အတည်ပြုလိုက်သည်။

သို့ရာတွင် ဝန်ကြီးချုပ်ဟာတိုယာမာအနေဖြင့် ရွေးကောက်ပွဲမဲဆွယ်စဉ် အမေရိကန်လေတပ်စခန်းကို အိုကီနာဝါကျွန်းမှ ဖယ်ရှားပေးပါမည်ဟူသော ဂျပန်ပြည်သူများအား ပေးထားသည့်ကတိကို အကောင်အထည်ဖော်ရန်ပျက်ကွက်ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

(အင်တာနက်)

ပါကစ္စတန်၌ တိုက်ခိုက်မှုဖြစ်ပွား ခြောက်ဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၃၀

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဝါဇီရစ္စတန်ဒေသတွင် မေ ၂၉ရက်က စစ်သွေးကြွများခိုအောင်းရာ နေအိမ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နေအိမ်တစ်လုံး မီးလောင်ပြီး အမျိုးသမီးခြောက်ဦး သေဆုံး၍ ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း မျိုးနွယ်လူမျိုးစုဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါ တိုက်ပွဲဖြစ်ပွားမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသမီးခြောက်ဦးသေဆုံး၍ ကလေးခုနစ်ဦးနှင့် အမျိုးသမီးနှစ်ဦးအပါအဝင် ၁၀ဦး ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ကုလအတွင်းရေးမှူးချုပ် မာလာဝီသို့ ရောက်ရှိ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မာလာဝီနိုင်ငံ ဒုတိယသမ္မတ ဂျိုစီဘန်ဒါ၏ဖိတ်ကြားချက်အရ မာလာဝီနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးအဖြစ် မေ၂၉ရက်ကရောက်ရှိခဲ့ကြောင်း မာလာဝီနိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက မေ၃၀ရက်တွင် ပြောကြားသည်။

အီရန်အနောက်တောင်ပိုင်း၌ ရေနံတွင်း မီးလောင်

အီရန်နိုင်ငံ အနောက်တောင်ပိုင်းကာဆာရှီရန်မြို့တွင် မေ ၃၀ရက် နံနက်က ရေနံတွင်းတစ်တွင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမားသုံးဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရန်အရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

ဂွာတီမာလာနိုင်ငံ၌ မုန်တိုင်း တိုက်ခတ်

ဂွာတီမာလာနိုင်ငံ အလိုမိုလွန်ဂါမြို့တွင် မေ ၃၀ရက် နံနက်က မုန်တိုင်း တိုက်ခတ်ရာ နေအိမ်များပျက်စီးပြီး ၁၂ဦးသေဆုံး၍ ဒေသခံ ၁၁ဦး ပျောက်ဆုံးလျက် ရှိကြောင်း ဂွာတီမာလာနိုင်ငံ ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

ရုရှားနိုင်ငံမြောက်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား

ရုရှားနိုင်ငံမြောက်ပိုင်း ဒါဂက်စတန်မြို့အနီးတွင် မေ ၃၀ရက် နံနက်က ရုရှား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သေနတ်သမားတို့ အပြန်အလှန်ပစ်ခတ်မှုကြောင့်အရပ်သား သုံးဦးသေဆုံးခဲ့ကြောင်း ရုရှားလုံခြုံရေးတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

အာဖဂန်အရှေ့ပိုင်း မြို့တစ်မြို့အား တာလီဘန်တို့ထိန်းချုပ်

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရီစတန်ပြည်နယ် ဘက်အီမာတယ်မြို့အား မေ ၃၀ရက် နံနက်က အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့ဝင်များနှင့် တာလီဘန်လက်နက်ကိုင်များ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် တာလီဘန်တို့က ယင်းမြို့အား ထိန်းချုပ် လိုက်ကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။

အိန္ဒိယအနောက်ပိုင်း၌ အပျော်စီးလှေ နစ်မြုပ်

အိန္ဒိယနိုင်ငံအနောက်ပိုင်း မူရပ်ဒ်မြို့အနီးရှိ မြစ်ဝှမ်း၌ မေ ၃၀ ရက်နံနက်က ကမ္ဘာလှည့်ခရီးသည်လေးဦး စီးနင်းလိုက်ပါလာသော အပျော်စီးလှေတစ်စင်း မတော်တဆ ဖြစ်ရပ်ကြောင့် နစ်မြုပ်ခဲ့ရာ ခရီးသွားဧည့်သည်လေးဦးစလုံးသေဆုံးခဲ့ကြောင်း မူရပ်ဒ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ ဝေဒနာရှင်များ သွေးလိုအပ်နေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် ဝေဒနာရှင်များအတွက် သွေးသွင်းကုသရန် သွေးများလိုအပ်လျက်ရှိကြောင်း၊ ဝေဒနာရှင်ငါးသန်းခန့် သွေးနှင့်ပတ်သက်သောရောဂါ များရရှိခံစားနေကြရကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ယီမင်၌ အယ်လ်ခိုင်ဒါဟု သံသယရှိသူတစ်ဦးအား ဖမ်းဆီး

ယီမင်နိုင်ငံ ဆာနားမြို့တွင် အယ်လ်ခိုင်ဒါအကြမ်းဖက်သမားဟုသံသယရှိသူ တစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက မေ၃၀ရက်နံနက်၌ ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းထံမှ သံသယ ဖြစ်ဖွယ် အထောက်အထားများ တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်အနုပညာလက်ရာပစ္စည်းများ တင်ပို့မှု လျော့ချ

တရုတ်နိုင်ငံမှ အနုပညာလက်ရာပစ္စည်းများ ပြည်ပသို့တင်ပို့မှုကို ယခုနှစ်အတွင်း လျော့ချသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အကျိုးအမြတ်ရရှိမှုနည်းပါး၍ဖြစ်ကြောင်း တရုတ်အရာရှိများက မေ၃၀ရက်၌ ပြောကြားသည်။ *(အင်တာနက်)*

တောင်ကြီးနှင့်ကျောက်တလုံးကြီးတွင် လမ်းစည်းကမ်း အသိပညာပေးဟောပြော ယာဉ်မောင်းသူများအား လက်စွဲစာစောင်များဝေငှ

တောင်ကြီး မေ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ပြည်သူများအား ရပ်ကွက်၊ ကျေးရွာများ လမ်းစည်းကမ်းများ အသိပညာပေး ဟောပြောလျက်ရှိရာ တောင်ကြီးမြို့နယ် ထီဟန်ဆွေးရွာနှင့် ကျောက်တလုံးကြီးမြို့နယ် နောင်ကားရွာ ဘုန်းတော်ကြီးကျောင်းများတွင် မေ ၁၄ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူးတင်စိုးရှိန်က စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်လေ့ရှိသော ယာဉ်တိုက်မှုများကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေ **(အပေါ်ပုံ)**က မော်တော်ဆိုင်ကယ်စီးသူများအပါအဝင် လမ်းအသုံးပြုသူများ လိုက်နာရမည့်လမ်းညွှန်အမှတ်အသားများနှင့် လမ်းပေါ်ဆေးရေးအမှတ်အသားများအကြောင်း ကိုလည်းကောင်း၊ ရဲအုပ်မြင့်အောင်က ယာဉ်မတော်တဆဖြစ်မှုများကြောင့် ပျက်စီးဆုံးရှုံး နစ်နာမှုများကိုလည်းကောင်း ရှင်းလင်းပြီး ယာဉ်မောင်းသူများအား လက်စွဲစာစောင်များ ဝေငှကြသည်။ **(တောင်ကြီး ကညန)**

စီမံကိန်းလျာထားချက် တာဝန်ပေးအပ်ပွဲ ရွှေတောင်မြို့နယ်၌ ကျင်းပ

ရွှေတောင် မေ ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ် စီမံကိန်းလျာထားချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၁ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးရန်နိုင်မြင့်က စီမံကိန်းတာဝန် ပေးအပ်ရခြင်း၏ရည်ရွယ်ချက်နှင့် အကြောင်းရင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးလှမြင့်က တစ်ဧက အထွက်နှုန်းများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးကြရန် ရှင်းလင်းမှာကြားသည်။

လက်ခံယူ

ထို့နောက် တာဝန်ပေးအပ်လွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌကပေးအပ်ရာ ကျေးရွာအားလုံးကိုယ်စား ကြာနီကန်ရပ်ကွက် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသန်းမြင့်က စီမံကိန်းတာဝန်ပေးအပ်လွှာများကို လက်ခံယူသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဘာသာရပ်သင်ကြားမှု စွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်

ကျေးသီး မေ ၃၀

အခြေခံပညာအဆင့်အလိုက် အင်္ဂလိပ်စာနှင့်သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည် မြင့်မားရေးမွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၃ရက်က ကျေးသီးမြို့နယ် အထက်တန်းကျောင်းရှိ သဇင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဆန္ဒမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစိုင်းအောင်ကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဆန္ဒမောင်က သင်တန်းတွင်သုံးစွဲရန် ငွေကျပ်ငါးသောင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းက ငွေကျပ်တစ်သောင်းခွဲတို့ကို ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်းများကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်အေးအေးဝင့် လိုက်လံစစ်ဆေးရာ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးက စက်ရေတွင်းအမှတ်(၇) ရေပေးဝေမှုကို ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

စဥ့်ကိုင်မြို့နယ်၌ ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံများလှူဒါန်း

ကျောက်ဆည် မေ ၃၀

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် စော်ရဲကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံပေးအပ်လှူဒါန်းပွဲကို မေ ၂၃ရက်က အဆိုပါကျောင်း၌ကျင်းပရာ ပါမောက္ခ ဒေါက်တာအရှင်ကိတ္တိဇလက ကျောင်းသုံးစာအုပ်လှူဒါန်းရခြင်းနှင့် ကျောင်းဝတ်စုံလှူဒါန်းရခြင်း သြဝါဒကထာမြွက်ကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်လှကြည်က ပညာရေးဌာန၏လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပါမောက္ခဒေါက်တာအရှင်ကိတ္တိဇလက ငွေကျပ်၁၅သိန်းခန့်တန်ဖိုးရှိ ကျောင်းသုံးစာအုပ် ၃၇၇စုံနှင့် ကျောင်းဝတ်စုံ၃၇၇စုံတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးဦးဖိုးတော်က လက်ခံယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လယ်တီ(၂)ကတ္တရာလမ်းကို အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ)ဦးအောင်စံသိန်း လမ်းခင်းဆောင်ရွက်ရာသို့ အဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး သူရဦးမြင့်သူ ကြီးကြပ်စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဖြူးမြို့၌ တိုင်းရင်းဆေးပညာသင်တန်းဖွင့်

ဖြူး မေ ၃၀

တိုင်းရင်းဆေးပညာဆင့်ပွားသင်တန်း ဖွင့်ပွဲ (၁/၂၀၁၀)ကို မေ၁၅ရက် နံနက်၉နာရီက ဖြူးမြို့ အမှတ်(၁)အထက အေးချမ်းသာယာဆောင် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းနှင့် တောင်ငူခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်တို့က အမှာစကားပြောကြားကြပြီး သင်တန်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်စိုး(ဝဲပုံ)က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများအဖြစ် တောင်ငူခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ လက်ထောက်ဆရာ ဆရာမများနှင့် ဖြူးမြို့နယ်တိုင်းရင်းဆေးပညာဌာန ဦးစီးမှူး ဦးမြင့်လွင်တို့က ရက်သတ္တတစ်ပတ်ကြာ သင်ကြားပို့ချရာ သင်တန်းသား သင်တန်းသူ ၈၅ဦး တက်ရောက်ကြသည်။

(ဝ၅၁)

စိုက်ပျိုးရေးသိပ္ပံများမှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ပေါ်ထွက်လာအောင်ဆောင်ရွက်

နေပြည်တော် မေ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် မေ ၂၆ရက် မွန်းလွဲ ၁နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ စိုက်ပျိုးရေးသိပ္ပံများဖြစ်ကြသည့် ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီစိုက်ပျိုးရေး သိပ္ပံတို့မှ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။

မှာကြား

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး **(အပေါ်ပုံ)**က အမှာစကားပြောကြားရာ၌ စိုက်ပျိုးရေး သိပ္ပံများမှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အားကိုးအားထားပြုနိုင်သော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စည်းလုံးညီညွတ်စွာဖြင့် စုစည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသော သင်ကြားရေးအထောက်အကူပြု ဝင်ငွေရ သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးကြရန်အပြင် ဌာနသက်သာချောင်ချိရေးကိုလည်း တစ်ဖက်က အထောက်အကူပြုနိုင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးသိပ္ပံများမှ ပညာရည်ထူးချွန်ထက်မြက်သူများဖြစ်အောင် သင်ကြားပေးမှုသာမက တတ်မြောက်သည့် စိုက်ပျိုးရေးပညာဖြင့် ဒေသပတ်ဝန်းကျင်ရှိ ပြည်သူများအား အကျိုးပြု အထောက်အကူပေးနိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းအုပ်ကြီးများက လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းကုမ္ပဏီ(၆၄)ဖွဲ့နှင့် ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် မေ ၂၈ရက် နံနက် ၁၁နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော လမ်း၊ တံတားလုပ်ငန်းကုမ္ပဏီ (၆၄)ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပူးပေါင်းလုပ်ကိုင်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြည်နယ်၊ တိုင်းအတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေး၊ ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လမ်း၊ တံတားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းရှင်ကုမ္ပဏီများ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အထူးအရာရှိ သူရဦးစိန်သောင်းက ပြည်နယ်၊ တိုင်းအတွင်းရှိ လမ်း၊ တံတားများကို သွားရောက်စစ်ဆေး တွေ့ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး) ဦးကျင်မောင်နှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်တို့က လမ်း၊ တံတားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီများ၏ လမ်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရုပ်သိမ်း

ထို့နောက် လမ်း၊ တံတားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီလုပ်ငန်းရှင် (၆၄)ဖွဲ့မှ တာဝန်ခံများက မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် လမ်းအပိုင်းများကို တိုးတက်ပြုပြင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်းအသုံးပြုခကောက်ခံခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း လမ်း၊ တံတားလုပ်ငန်းကုမ္ပဏီ (၆၄)ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (ဆောက်လုပ်ရေး)

ငါးသယံဇာတထိန်းသိမ်းရေးနှင့် ရေထွက်ပို့ကုန်မြင့်မားရေး ပုသိမ်ခရိုင်၌ ရှင်းလင်းဆွေးနွေး

ပုသိမ် မေ ၃၀

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငါးလုပ်ငန်း အဖွဲ့ချုပ်အမှုဆောင်များနှင့် ခရိုင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးများ၏ ငါးသယံဇာတထိန်းသိမ်းရေး၊ ရေထွက်ပို့ကုန်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၆ရက် နံနက် ၉နာရီက ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ခရိုင်ငါးလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင် **(အောက်ပုံ)** က အမှာစကားပြောကြားပြီး ခရိုင် ငါးလုပ်ငန်း ဦးစီးမှူး ဦးမြတ်သာထွန်းက ရေထွက်ပို့ကုန် ပစ္စည်းများဥပဒေ၊ ညွှန်ကြားချက်နှင့်အညီ စနစ်တကျတင်ပို့ရေး၊ ဘီလားငါးမွေးမြူရေး လုပ်ငန်းတိုးတက်လာစေရေး၊ ငါးရစ်ငါးသန် ဖမ်းဆီးခြင်းမပြုရေး၊ တရားမဝင် ငါးဖမ်းကိရိယာများ အသုံးမချရေး၊မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့်ငါးသယံဇာတများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်စုစုထွေးက ငါးလုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်နှင့် စည်မျဉ်း၊ စည်းကမ်းများ ရှင်းလင်းဆွေးနွေးပြီး ခရိုင်အမှုဆောင်များ၊ ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများနှင့် ရေလုပ်သားများ တက်ရောက်ကြသည်။

(ငါးလုပ်ငန်းအဖွဲ့ချုပ်)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **တရားနာမှ နိဗ္ဗာန်ရ** တရားတော် [ဆရာတော်အရှင်ခေမိန္ဒ (စစ်ကိုင်း-ခေမကန်)]
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂)
- ၈:၃၀ Sports World [Contender (Japan)]
- ၈:၅၅ Activities in the City -ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော သွေးလှူဒါန်းပွဲ -GS Battery Sales Promotion & Customer Dinner Party
- ၉:၂၀ ဟဲလေး နီတာတို့ရဲ့ နေရာအနှံ့
- ၉:၄၀ Global Panorama
- ၁၀:၃၅ ရင်သွေးတို့ ယဉ်ကျေးဖို့
- ၁၀:၄၅ ရိုးရှင်းခြင်း၊ လွယ်ကူခြင်း၊ ပြီးပြည့်စုံခြင်းများနှင့် SEP
- ၁၁:၀၀ International Show Biz
- ၁၁:၁၅ လူငယ်နှင့် ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
- ၁၁:၅၀ ဦးဆုံးအစ ဘဝရဲ့အလှ (ဇော်ပိုင်ရဲ့ ဦးဆုံးအစ ဘဝရဲ့အလှ)
- ၁၂:၀၅ ရိုးရာအစဉ်အလာ… ယဉ်ကျေးမှုအဖြာဖြာ… ပုဂံမြို့ရဲ့ယွန်းပြတိုက်မှာ
- ၁၂:၂၅ စာအုပ်ပြခန်း [စာရေးဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)နှင့် တွေ့ဆုံခြင်း]
- ၁၂:၄၅ ခရီးတစ်ထောက်နားခိုစရာ
- ၁:၀၀ **တရားနာမှ နိဗ္ဗာန်ရ** တရားတော် [ဆရာတော်အရှင်ခေမိန္ဒ (စစ်ကိုင်း-ခေမကန်)]
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Celebrity Profile (Lee Byung Hun)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂)
- ၄:၀၅ Activities in the City -ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော သွေးလှူဒါန်းပွဲ -GS Battery Sales Promotion & Customer Dinner Party
- ၄:၃၅ ရိုးရှင်းခြင်း၊ လွယ်ကူခြင်း၊ ပြီးပြည့်စုံခြင်းများနှင့် SEP
- ၄:၅၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (အိမ်အလှဆင်ပစ္စည်းများပြုလုပ်ပုံ)
- ၅:၀၅ ဟဲလေး နီတာတို့ရဲ့ နေရာအနှံ့
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၃၅ အနုပညာမိုးကောင်းကင်
- ၇:၀၀ စာအုပ်ပြခန်း [စာရေးဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)နှင့် တွေ့ဆုံခြင်း]
- ၇:၁၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် (ဆရာကြီးမန်းဝင်း) (မန်းဝင်း၊ လှဲ့ယမင်း၊ ရွှန်းပြည့်ပိုင်၊ မီးမီးသုခ) [ဒါရိုက်တာ- ကြည်သာ(ပွဲကြိုက်ခင်)]
- ၇:၃၅ ဦးဆုံးအစ ဘဝရဲ့အလှ (ဇော်ပိုင်ရဲ့ ဦးဆုံးအစ ဘဝရဲ့အလှ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Celebrity Profile (Lee Byung Hun)
- ၉:၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (အိမ်အလှဆင်ပစ္စည်းများပြုလုပ်ပုံ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂)
- ၁၀:၀၀ ရင်သွေးတို့ ယဉ်ကျေးဖို့
- ၁၀:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၃၀ အနုပညာမိုးကောင်းကင်
- ၁၀:၅၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် (ဆရာကြီးမန်းဝင်း) (မန်းဝင်း၊ လှဲ့ယမင်း၊ ရွှန်းပြည့်ပိုင်၊ မီးမီးသုခ) [ဒါရိုက်တာ- ကြည်သာ(ပွဲကြိုက်ခင်)]
- ၁၁:၁၅ **ကိုကိုနော်….ကိုကို** (စိုင်းဟိန်း၊ နန်းဆုရတီစိုး) (ဒါရိုက်တာ အဓိပတိမောင်မောင်ဦး)
- ၁၁:၄၀ ပတ္တမြားမြေရဲ့ အလှသက်သေ
- ၁၁:၅၀ သပ်ရပ်လှပ အကွက်ဆင် ပန်းတနော်သင်
- ၁၁:၅၅ တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
- ၁၂:၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

○ ကျောဖုံးမှ

ရောက်ရှိ

ဝမ်းတွင်းမြို့ စည်ပင်သာယာမှုများကို ကြည့်ရှုရင်း သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ပေးနေသော ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးရုံးသို့ သတင်းအဖွဲ့ရောက်ရှိခဲ့သည်။ မြို့နယ်စည်ပင်သာယာရေးရုံးတွင် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိဖြစ်သူ ဦးမျိုးမင်းစိုးနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုများကို မေးမြန်းခဲ့သည်။

စီမံချက်ချမှတ်

"ဝမ်းတွင်းမြို့တွင်းသာမက မြို့နယ်တစ်ခုလုံးမှာပါ မြို့ပြလမ်းတံတားလုပ်ငန်း၊ ကျေးလက်လမ်းတံတားလုပ်ငန်း၊ မြို့ပြရေပေးဝေရေးလုပ်ငန်းနဲ့ ကျေးလက်ရေပေးဝေရေး စီမံချက်တွေ ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ညွှန်ကြားချက်နဲ့အညီ စီမံချက်တွေ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကိုလည်း လုပ်ကိုင်နေပါတယ်"ဟု ဦးမျိုးမင်းစိုးက သတင်းအဖွဲ့သို့ ရှင်းပြသည်။

ဝမ်းတွင်းမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်းအမှတ် (၂) ဖောက်လုပ်ပြီးစီးနေသလို ကျေးရွာချင်းဆက် လမ်းများလည်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ဝမ်းတွင်းမြို့တွင်း၌ ကတ္တရာလမ်းခင်းခြင်းနှင့် ကျောက်ခင်းလမ်းများ၊ ကတ္တရာလမ်းပေါက်ဖာခြင်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြင်တွေ့ခဲ့ရသည်။

ရှင်းပြ

"မြို့တွင်း ရေပေးဝေရေး စီမံဆောင်ရွက်နေသလို ရပ်ကွက်တွေမှာ အပိုင်းလိုက် သန့်ရှင်းရေးလုပ်ငန်းတွေ အလှည့်ကျ ခေါင်းလောင်းတီးစနစ်နဲ့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဈေးနေ့တိုင်းမှာ အမှိုက်သိမ်းကားနဲ့ အမှိုက်

"ဝမ်းတွင်းမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့နဲ့ သောက်သုံးရေရရှိရေးကို ကြိုးစားဆောင်ရွက်နေပါတယ်။"

ဦးမျိုးမင်းစိုး၊ ဒုတိယညွှန်ကြားရေးမှူး
ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့။

သိမ်းဆည်းရေးပြုလုပ်နေသလို ဝမ်းတွင်းဈေးနဲ့ သဲတောဈေးတွေမှာလည်း သန့်ရှင်းသပ်ရပ်မှု ရှိနေစေဖို့ အလေးထား ဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဝမ်းတွင်းမြို့တွင် ဝမ်းတွင်းဈေးနှင့် သဲတောဈေးများရှိသည်။ နေ့စဉ်ဈေးဖွင့်လှစ်ရောင်းချသလို ငါးရက်ဈေးနေ့များတွင် ဈေးရောင်းဈေးဝယ်များဖြင့် အထူးစည်ကားနေလေ့ရှိသည်။ ထို့ကြောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဈေးသန့်ရှင်းရေးလုပ်ငန်းများ အလေးထား ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်သည်။

ကတ္တရာခင်းပြီး

ဝမ်းတွင်းမြို့၌ အရှည် နှစ်မိုင်ရှိ သဲတော-ဝမ်းတွင်းလမ်းကို ကတ္တရာခင်းထားပြီးဖြစ်သည်ကို တွေ့ရသည်။ ထို့အတူ အမှတ်(၂၀) လမ်းကိုလည်း အကျယ် ၁၂ပေ၊ အလျား ပေ ၃၈၀၀အထိ ကတ္တရာခင်းထားပြီး ဖြစ်သကဲ့သို့ ဒုတိယလမ်းမတော်လမ်း အရှည်တစ်မိုင်ကိုလည်း ကတ္တရာခင်းထားပြီးဖြစ်ကြောင်း တွေ့ရသည်။

မြို့တွင်းလမ်းဘေး ဝဲယာများတွင် ချဉ်းကပ်လမ်း ဘလောက်တုံးများ ခင်းထားပြီး ဖြူနီကျား ဆေးသုတ်ထားသည်။ ဝမ်းတွင်းမြို့တွင်း၌ ဝမ်းတွင်း ပန်းခြံနှင့် သဲတောပန်းခြံ နှစ်ခုရှိရာ ထိန်းသိမ်းပြုပြင်မှုများကို စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

သင်္ကေတ

ဝမ်းတွင်းမြို့အဝင် ကြိုဆိုရေးဆိုင်းဘုတ်ကို နီညိုရောင်အောက်ခံပေါ်တွင် ရွှေရောင်စာလုံးဖြင့် ထင်ရှားစွာ ရေးသားထားသည်။ ဆိုင်းဘုတ်အပေါ်ဆုံးတွင် မန္တလေးတိုင်း သင်္ကေတဖြစ်သည့် မြို့ရိုးပုံသဏ္ဌာန်ကို ပြုလုပ်ပေးထားသည်။ မန္တလေးတိုင်းအတွင်း တည်ရှိနေသော မြို့ဖြစ်ကြောင်း အထိမ်းအမှတ်သင်္ကေတ တစ်ခုအဖြစ် သရုပ်ဖော်ထားရာ ထူးခြားမှုတစ်ရပ်ပင်။

ရေရရှိရေး

မြို့အဝင် ကြိုဆိုရေးဆိုင်းဘုတ်အောက်ခြေတစ်ဝိုက်ကို စက္ကူပန်း၊ လမ်းလျှောက်ဂမုန်း၊ အလှပန်းပင်များ စိုက်ပျိုးထားသည်။ နွေရာသီ အပူရှိန်ပြင်းသော်လည်း စက္ကူပန်းများက အရောင်အသွေးစုံစွာ ပွင့်လန်းလျက်ရှိသည်။ ဝမ်းတွင်းမြို့ တိုးချဲ့ စက်မှုလက်မှု ရပ်ကွက်အနီးတွင် စည်ပင်သာယာရေးအဖွဲ့မှ စမ်းသပ်တူးဖော်ထားသော စက်ရေတွင်းမှာ မကြာမီကာလအတွင်း ဝမ်းတွင်းမြို့ အချို့ရပ်ကွက်များကို ရေပေးဝေနိုင်တော့မည်။ ထိုမှတစ်ဆင့် တစ်မြို့လုံး သောက်သုံးရေရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အောင်မြင်

"ကျွန်တော်တို့ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ဝမ်းတွင်းမြို့ပေါ်သာမကဘဲ မြို့နယ်အတွင်းမှာ လက်ယှက်သွားလာလို့ရတဲ့လမ်းတွေ ဖောက်ပေးနိုင်မှုက ထူးထူးခြားခြား အောင်မြင်ပါတယ်။ မြို့တွင်းလမ်းတွေအားလုံး ကတ္တရာခင်းနိုင်တဲ့အထိ ကြိုးစားနေပါတယ်"ဟု ဦးမျိုးမင်းစိုးက သတင်းအဖွဲ့သို့ ရှင်းပြသည်။

သပ်ရပ်လှပ

ထို့ကြောင့် ဝမ်းတွင်းမြို့သည် တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်ရန် အခြေခံများ ရှိနေပြီဖြစ်သလို စည်ပင်သာယာရေးအဖွဲ့၏ ကြိုးစားမှုကြောင့် သပ်ရပ်လှပနေသည့် မြို့တစ်မြို့အသွင် ဖြစ်ထွန်းလျက်ရှိနေမှုကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ဝမ်းတွင်းမြို့အဝင် ကြိုဆိုရေးဆိုင်းဘုတ်က သတင်းအဖွဲ့အား ဤသို့ ကြိုဆိုနေသည်။

ညီညာဖြောင့်တန်း

ဝမ်းတွင်းမြို့အဝင် ကတ္တရာလမ်းအား ဤသို့ ညီညာဖြောင့်တန်းစွာ ခင်းကျင်းထားသည်။

မြန်မာ့အလင်း

သတင်းပဒေသာအတိုအထွာ

ရန်ကုန် မေ ၃၀

သူနာပြုတက္ကသိုလ်(ရန်ကုန်) မြတ်ဆရာပူဇော်ပွဲ

သူနာပြုသင်တန်းကျောင်း (ရန်ကုန်/မော်လမြိုင်)၌ ၁၉၈၅ မှ ၁၉၈၈ ခုနှစ်အထိ သင်တန်းတက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို လာမည့် အောက်တိုဘာ၂၄ရက်တွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၈၆၇၈၃၊ ၅၄၁၄၃၂ နှင့် ၅၀၀၁၀၆ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

သွားနှင့်ခံတွင်း ဆေးပညာရပ် သင်တန်းပို့ချမည်

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)၏ သွားနှင့်ခံတွင်းဆိုင်ရာ ပညာပြန့်ပွားရေး အစီအစဉ်အရ Damon Orthodontic Hands-on Courseကို ဇွန် ၆ရက်နှင့် ၇ရက်တွင် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကုန်သည်ကြီးများ ဟိုတယ် Summer Palace ခန်းမ၌ ပို့ချပေးမည်ဖြစ်ရာ တက်ရောက်လိုသူများ အသေးစိတ်သိရှိလိုက ဖုန်း-၂၅၃၆၉၄၊ ၃၇၉၈၆၆ နှင့် ၂၅၁၈၄၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဇွန်လထုတ် မြဝတီမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိထား

ဇွန်လထုတ် မြဝတီမဂ္ဂဇင်းကို ကဗျာ၊ ကာတွန်း၊ ဆောင်းပါးများ၊ မျိုးချစ်စိတ်ဓာတ် ထက်သန်စေသော ရသ၊ ကျေးလက်သဘာဝရသ၊ မေတ္တာဖွဲ့ရသများပါဝင်သော ဝတ္ထုများဖြင့် စုံလင်စွာဖော်ပြ၍ ထုတ်ဝေဖြန့်ချိထားပြီဖြစ်ရာ ဝယ်ယူဖတ်ရှုလိုသူများ ဖုန်း-၃၇၁၂၄၄ နှင့် ၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာကြားနိုင်သည်။

ကလပ်အသင်းပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံအသင်းလိုက်နှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ဇွန် ၂၉ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် တစ်ဦးချင်းနှင့် ကလပ်အသင်းများသည် ဇွန် ၂၆ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်သည်။

နိုင်ငံ့ဝန်ထမ်းဂျာနယ် ထုတ်ဝေဖြန့်ချိထား

နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားရေး၊ အသိပညာဗဟုသုတ ပြည့်ဝစေရေး၊ တာဝန်နှင့် ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စောင့်ထိန်းရေးတို့အတွက် ဖြည့်ဆည်းပေးသည့် ပညာရပ်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းဂျာနယ်ကို ထုတ်ဝေဖြန့်ချိထားပြီဖြစ်သည်။

ပန်းအလှပြုပြင်နည်းသင်တန်း တက်ရောက်နိုင်

အခြေခံနှင့် အဆင့်မြင့် ပန်းအလှပြုပြင်နည်းသင်တန်းကို မေ ၃၁ရက်နှင့် လက်ဆောင်ပန်းစည်း အမျိုးမျိုး ချည်နည်းသင်တန်းကို ဇွန် ၁၄ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ် ၁၁၉ ရှိ YWCA ၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၂၄၅၈၆၉ နှင့် ၃၉၂၄၇၀ တို့သို့ ဆက်သွယ်နိုင်သည်။

အခြေခံယာဉ်မောင်းသင်တန်း သင်ကြားပေးနေ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန) အခြေစိုက်အလုပ်ရုံ(၃) မရမ်းကုန်းမှ အခြေခံယာဉ်မောင်းသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ တက်ရောက်လိုသူများ ဖုန်း-၆၆၀၈၅၁ သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

အနုပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနေ

အနုပညာလောကတွင် အောင်မြင်သော အစီအစဉ်တင်ဆက်သူ၊ သရုပ်ဆောင်နှင့် အဆိုတော်ဖြစ်လိုသူများအတွက် လေဆာဝေါလ် အနုပညာစင်တာမှ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ တက်ရောက်လိုသူများ ဖုန်း-၃၈၇၄၅၃ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာ

မသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများအတွက် စက်ချုပ်၊ ဆံသအလှပြုပြင်နှင့် ကွန်ပျူတာသင်တန်းများကို AAR (Japan) မှ အခမဲ့သင်ကြားပေးလျက်ရှိရာ တက်ရောက်လိုသူများ ဇွန် ၃၀ရက် နောက်ဆုံးထား၍ ဖုန်း-၀၁-၆၆၁၇၂ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

အမြင့် ၂၆၁၈ပေရှိ ပုပ္ပားတောင် အပန်းဖြေစခန်းပေါ်မှ ပုပ္ပားတောင်ကလပ် အလှမြင်ကွင်း။

❐ ရှေ့ဖုံးမှ

မွန်းလွဲပိုင်းတွင် ပုပ္ပားဒေသ ကျောက်ပန်းတောင်းမြို့နယ်မှ ဗျတ္တပန်းဆက်လမ်းအတိုင်း ညောင်ဦးဆီသို့ အပြန်ခရီး၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ညောင်ဦးခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်းနှင့်အဖွဲ့က ကမ္မကျေးရွာအနီးတွင် စာရေးသူတို့အား စောင့်ဆိုင်းနေကြောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းမှ သစ်တောသစ်ပင်စိုက်ကွက်များ၊ တုရင်းတောင်ကြောရှိ ဘူးကင်းတောင်ခြေဝန်းကျင်၌ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပမည့် အစီအစဉ်နှင့် ပြင်ဆင်ထားမှုကို ပြသမည် ဖြစ်ကြောင်း ပြောကြားသဖြင့် စာရေးသူ စိတ်ဝင်စားခဲ့သည်။

မကြာမီ ကမ္မကျေးရွာအနီး ကျောက်ပန်းတောင်း-ညောင်ဦးလမ်း တစ်နေရာ၏ လမ်းဆုံသို့အရောက်တွင် ဦးမြဝင်းနဲ့အဖွဲ့ကို တွေ့လိုက်ရသည်။

ဦးမြဝင်းက စာရေးသူကိုတွေ့သည်နှင့် ၎င်း၏ ကားပေါ်ပြောင်းတင်ကာ ကျောက်ပန်းတောင်း - ညောင်ဦးကားလမ်း၏ အရှေ့ဘက်ရှိ တုရင်းတောင်တန်းများဆီသို့ ခေါ်ဆောင်သွားတော့သည်။

ယူကလစ်ပင်တန်းများ

ထိုစဉ်က နွေကာလဖြစ်၍ အချို့နေရာများ သဲလမ်းများ ဖြစ်၍နေသည်။ အချို့နေရာများတွင် ကားလယ်ကွင်းပြင်များကို တွေ့ရသည်။ ခဏကြာတော့ ယူကလစ်ပင်တန်းများ အစီအရီ စိုက်ပျိုးထားသည့် တောတန်းလေးအတွင်းသို့ဝင်ပြီး ကားကိုရပ်လိုက်သည်။

"ဒီနေရာကတော့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တာဝန်ယူ စိုက်ပျိုးထားတဲ့ ယူကလစ်ပင်တန်းတွေပါ။ ဟိုရှေ့ဘက်မှာ စိုက်ခင်းတစ်ခုရှိပါတယ်။ အဲဒါကတော့ တောင်ကိုရီးယားနိုင်ငံ KOICA အစီအစဉ်ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ စိုက်ပျိုးထားတဲ့ သစ်တော စိုက်ကွက်တွေပါ"။

ဦးမြဝင်းက တုရင်းတောင်ကြောဘက်ရှိ ယူကလစ်ပင် အုပ်အုပ်ကလေး ဆီညွှန်ပြရင်း ရှင်းပြလေသည်။

သစ်ပင်များများစိုက်

၎င်းနောက် စာရေးသူတို့ ဘူးကင်းတောင်ခြေအနီးရှိ ဘူးကင်းတောင် ပျိုးဥယျာဉ်သို့ ရောက်ရှိခဲ့ကြသည်။ ဥယျာဉ်အတွင်း ယူကလစ်ပျိုးပင်ပေါင်း သုံးသောင်းကျော် စိုက်ပျိုးထားကြောင်း သိရသည်။ ပျိုးပင်များသည် နေအပူကိုအန်တုလျက် အညွန့်တလူလူ ထွက်နေကြသည်။

ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်အပန်းဖြေစခန်းမှ သီးနှံစိုက်ခင်း။

"ကျွန်တော်တို့ ပျိုးခင်းအနီးမှာ ပေ၆၀၀နက်တဲ့ လေးလက်မ စက်ရေတွင်း တစ်ခု တူးထားပါတယ်။ အဲဒီတွင်းကနေ ရေအမြဲမပြတ်ရနေလို့ ခုလိုပျိုးပင်တွေ စိမ်းလန်းရှင်သန်နေတာပါ။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ဖို့ဆိုရင် သစ်ပင်များများစိုက်ဖို့လိုပါတယ်"ဟု ဦးမြဝင်းက ရှင်းပြသည်။

ထို့နောက် စာရေးသူနဲ့အဖွဲ့ကို သစ်ပင်စိုက်ပွဲတော် ကျင်းပမည့် ဘူးကင်းတောင်ခြေသို့ ခေါ်ဆောင်သွားသည်။

ဘူးကင်းတောင်ခြေ ရောက်တော့ သစ်ပင်စိုက်ပျိုးမည့် နေရာများတွင် ကျင်းငယ်များ တူးထားသည်ကို တွေ့ရသည်။ မြေဩဇာများထည့်၍ ရေများကို ပိုက်ဖြင့် နေ့စဉ်ဖျန်းပေးနေကြောင်းသိရသည်။

ဤနေရာတွင် စာရေးသူ စိတ်ဝင်စားမိသည်ကား ရေများကို ဘူးကင်းတောင်ကြောတစ်လျှောက် မည်သည့်နေရာက ရရှိသနည်းဟူသော အချက်ပင် ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ ဦးမြဝင်းကိုမေးလိုက်တော့ ဘူးကင်းတောင်စောင်းတစ်နေရာသို့ ညွှန်ပြရင်း-

"ဟောဟိုမှာ ဆရာတို့တွေ့လား၊ တောင်စောင်း ခပ်မြင့်မြင့်နေရာမှာ အုတ်ရေကန် ဆောက်ထားတယ်လေ၊ အဲဒီကန်ထဲကို ပျိုးခင်းအနီး စက်ရေတွင်းကရေကို တွန်းတင်ပြီး အဲဒီ အုတ်ရေကန်ထဲကရေကို ပိုက်နဲ့ တိုက်ရိုက် သွယ်ယူထားတာပါ"ဟု ရှင်းပြသည်။

တောင်စောင်းကို ရေစင်သဖွယ် သဘောထား၊ သစ်ပင်များအတွက် ရေကို အလွယ်တကူ သွယ်ယူရရှိနေပါပေါ့လား။

"ပုပ္ပားဒေသ စိမ်းလန်းစိုပြည်နေတာ ရေကို အမြဲမပြတ် ရရှိနေတာကြောင့် ဖြစ်ပါတယ်"
ဦးမြင့်လွင် (တာဝန်ခံ)
ပုပ္ပားတောင် အပန်းဖြေစခန်း။



"အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ဖို့ဆိုရင် သစ်ပင်များများစိုက်ဖို့လိုပါတယ်"
ဦးမြဝင်း
လက်ထောက်ညွှန်ကြားရေးမှူး
အပူပိုင်းဒေသ
စိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

ပုပ္ပားတောင် အပန်းဖြေစခန်းမှ တောင်ပေါ်အမြင့် မှတ်တမ်းတင် သစ်ပင်ကြီး သုံးပင်။

ကြိုးပမ်းဆောင်ရွက်နေ

ရေကို နည်းလမ်းအသွယ်သွယ်ဖြင့် ရယူ၍ သစ်တောသစ်ပင်များ စိုက်ပျိုးနေကြသော၊ တစ်နည်းအားဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်နေကြသော မြင်ကွင်းကို စာရေးသူ တွေ့မြင်ရသဖြင့် အနာဂတ်ကာလတွင် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လာမည့် အညာဒေသအတွက် ကြိုတင်မှန်းမျှော် ကြည်နူးပီတိဖြစ်ရသည်။

ပညာပေးစည်းရုံး

ယခုအခါ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အညာဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံများ ထင်းအစား အခြားလောင်စာများသုံးစွဲရန် ပညာပေးစည်းရုံးခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း စသောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အညာဒေသတစ်ဝန်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ကြရန်လိုပေသည်။ သစ်တောသစ်ပင်သည် ရာသီဥတုကို ကောင်းမွန်စေသည်။ ဥတုရာသီသည် တောကိုမှီလျက်ရှိသည်။

ကြည်နူးဖွယ်မြင်ကွင်း

ထို့ကြောင့် အညာတစ်ခွင် စိမ်းစိုလွင်ဖို့ဆိုလျှင် သစ်တောသစ်ပင်ကို စိုက်ကြပျိုးကြရန် လိုအပ်ပါသည်။ တစ်ဦးတစ်ယောက်၊ ဌာနတစ်ခု၏ စွမ်းအားနှင့်မရ။ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှ ရနိုင်ပါမည်။ စာရေးသူ ပုဂံညောင်ဦးဒေသမှ ဌာနေကို ပြန်ရောက်ပြီးနောက် မေ ၁၇ရက်က ညောင်ဦးခရိုင် ဘူးကင်းတောင်ခြေတွင် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများပူးပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပပုံ မြင်ကွင်းကို သတင်းစာတွင် တွေ့မြင် ဖတ်ရှုလိုက်ရပါသည်။ အညာဒေသဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကြည်နူးဖွယ် မြင်ကွင်းတစ်ခုပါပေ။ ။

(မြန်မာ့အလင်း)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် မေ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မေ ၃၁ရက် ညနေအထိခန့်မှန်းချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မေ ၁၃ရက်က မြိုင်မြို့နယ် ဆိတ်ဆင်းကျေးရွာအုပ်စု အိုးပွန်ကျေးရွာရှိ အိမ်ခြေ ၂၂၂၊ လူဦးရေ ၂၀၈၄ဦးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ မီးသတ်နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးမှ အဖွဲ့ပိုင်ယာဉ်ဖြင့် ရေသယ်ယူကာ ရေပေးဝေရေးစခန်းမှတစ်ဆင့် ကျေးရွာပြည်သူများအား သောက်သုံးရေ ဂါလန် ၅၀၀၀ကို အခမဲ့ဖြန့်ဝေပေးစဉ်။

(မြို့နယ်စည်ပင်)

နွေရာသီ ဂီတအခြေခံ အဆို၊ အတီး သင်တန်းဆင်း

နေပြည်တော် မေ ၃၀

နေပြည်တော် ပျဉ်းမနားမြို့နယ် ဂီတအစည်းအရုံးက ကြီးမှူးဖွင့်လှစ်ခဲ့သည့် နွေရာသီ ဂီတအခြေခံ စန္ဒရား၊ ပတ္တလား၊ တယော အတီးနှင့် အဆို သင်တန်းဆင်းပွဲ အခမ်းအနား **(အောက်ယာပုံ)** ကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ပျဉ်းမနား ယောက်သွားအင်းရပ်ကွက်ရှိ အဆိုပါမြို့နယ် ဂီတအစည်းအရုံး ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ဂီတအစည်းအရုံး နာယက ဦးအောင်သန်း (မြို့မစန္ဒရား)က သင်တန်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြား၍ သင်တန်းသား သင်တန်းသူများက လက်တွေ့တီးခတ် သီဆိုပြသကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နေပြည်တော် ပျဉ်းမနားရှိ လေဆာကွန်ပျူတာစင်တာက မြို့နယ်ဂီတအစည်းအရုံးသို့ အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်ဂီတအစည်းအရုံး ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြာမြင့်ခဲ့

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ရှစ်ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံများ ထင်းအစား အခြားလောင်စာများသုံးစွဲရန် ပညာပေးစည်းရုံးခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း စသောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အညာဒေသတစ်ဝန်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ကြရန် လိုပေသည်။ သစ်တောသစ်ပင်သည် ရာသီဥတုကို ကောင်းမွန်စေသည်။ ဥတုရာသီသည် တောကိုမှီလျက်ရှိသည်။

ကြည်နူးဖွယ်မြင်ကွင်း

ထို့ကြောင့် အညာတစ်ခွင် စိမ်းစိုလွင်ဖို့ဆိုလျှင် သစ်တောသစ်ပင်ကို စိုက်ကြပျိုးကြရန် လိုအပ်ပါသည်။ တစ်ဦးတစ်ယောက်၊ ဌာနတစ်ခု၏ စွမ်းအားနှင့်မရ။ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှ ရနိုင်ပါမည်။ စာရေးသူ ပုဂံညောင်ဦးဒေသမှ ဌာနေကို ပြန်ရောက်ပြီးနောက် မေ ၁၇ရက်က ညောင်ဦးခရိုင် ဘူးကင်းတောင်ခြေတွင် ဌာနဆိုင်ရာများ၊

ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများပူးပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပပုံ မြင်ကွင်းကို သတင်းစာတွင် တွေ့မြင် ဖတ်ရှုလိုက်ရပါသည်။ အညာဒေသဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကြည်နူးဖွယ် မြင်ကွင်းတစ်ခုပါပေ။ ။

(မြန်မာ့အလင်း)

ထုတ်လုပ်သည့်ပစ္စည်းများ အရည်အသွေးမြင့်မားအောင်ဆောင်ရွက် ဝယ်ယူသုံးစွဲသူများအပေါ် အလေးအနက်ထား ဦးစားပေး

လျှာထားချက်ပြည့်မီ ကျော်လွန်အောင် ထုတ်လုပ်ရောင်းချ

နေပြည်တော် မေ ၃၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၂၉ရက် မွန်းလွဲ၁နာရီခွဲက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ရုံ၊ ဌာနနှင့် စက်မှုသင်တန်းကျောင်းများမှ အထွေထွေမန်နေဂျာများ၊ ဗဟိုဌာနမှူးနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

တင်ပြ

ရှေးဦးစွာ ဝန်ကြီးဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက သက်ဆိုင်ရာ ဌာန၊ လုပ်ငန်း၊ စက်ရုံနှင့် စက်မှုသင်တန်းကျောင်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်က ဆောင်ရွက်ချက်များနှင့် အကောင်အထည်ဖော်မည့် စီမံကိန်းများအပေါ် သုံးသပ်ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် ဝန်ကြီး ဦးစိုးသိန်းက ထုတ်လုပ်သည့်ပစ္စည်းများ အရည်အသွေးမြင့်မားရေး၊ ဝယ်ယူသုံးစွဲသူများအပေါ် အလေးအနက်ထား ဦးစားပေးရေး၊ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ချနိုင်ပြီး ရောင်းဈေးနှုန်းများ သင့်တင့်စွာလျှော့ချနိုင်ရေး၊ လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရောင်းချရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်ရေး၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုများ ပြုလုပ်ရေး၊ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲရေး၊ ကုန်ပစ္စည်း သယ်ယူပို့ဆောင်စရိတ်များ လျှော့ချရေးတို့ကို ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ
၈:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရသစာပေ အရေးအသား အထူးပြု) (ရသစာပေ အရေးအသား)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၂၅ ၈။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၅)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၉)
၁၈။ သုခုမရင်ပြင်
၁၉။ အစီအစဉ်ပြီး၏။

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သန်းဦး၊ ဦးသိန်းဟန်၊ ဦးငြိမ်းအောင်၊ ဦးမျိုးသန့်၊ ဦးတင်ကိုကို၊ ဦးစိန်သန်းနှင့် အလုပ်အမှုဆောင် ဦးဆန်းလင်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၂၇ဦးတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ယနေ့နံနက် ၉နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(အပေါ်ယာပုံ)**

ထွက်ခွာသွား

အဆိုပါ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ (၂၀၁၀)တွင် ခင်းကျင်းပြသမည့် မြန်မာပြခန်းဆောင်၌ ဇွန် ၁ရက်တွင် မြန်မာနေ့အခမ်းအနားဖွင့်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရှေ့ပြေးအဖွဲ့အဖြစ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်တို့ ဦးဆောင်သော အဖွဲ့ဝင် ၁၀ဦး ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ၂၈ရက်က ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၃၀ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပညာရေးမိသားစုက ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်လှူဒါန်းရာ ခရမ်းမြို့နယ် ပညာရေးမှူး ဦးစိန်သန်းအောင် လက်ခံယူစဉ်။ (ပညာရေး)

...ခြံ အဆို၊ အတီး သင်တန်းဆင်း

ပြောကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြာမြင့်ခဲ့

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ရှစ်ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဧယျာရွှေမြေကို အနိုင်ယူပြီး ကမ္ဘောဇတို့ အမှတ်ပေးဇယားကို ဦးဆောင်ပြီ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

မန္တလေး မေ ၃၀

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယနေ့ညနေ ၄နာရီက မန္တလေးမြို့ရှိ ဗထူးကွင်းနဲ့ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနဲ့ ရန်ကုန်ယူနိုက်တက်တို့ နိုင်ပွဲတွေ ရရှိခဲ့ကြပါတယ်။

ဗထူးကွင်း

ကမ္ဘောဇ - တစ်ဂိုး။
ဧယျာရွှေမြေ - ဂိုး မရှိ။

အမှတ်တူ

ပြိုင်ပွဲစကတည်းက အမှတ်ပေးဇယား ဦးဆောင်သူနေရာကို အချိန်အကြာဆုံး ရယူထားနိုင်ခဲ့တဲ့ ဧယျာရွှေမြေအသင်းဟာ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနဲ့အတူ ဒုတိယနေရာကို ဆင်းပေးလိုက်ရပါတယ်။ ပြီးခဲ့တဲ့ပွဲမှာ ဆောက်သမ်းမြန်မာကို သရေကျခဲ့လို့ ကမ္ဘောဇနဲ့ အမှတ်တူသွားခဲ့ရတဲ့ ဧယျာရွှေမြေအသင်းဟာ အခုအမှတ်ပေးဇယား ထိပ်ဆုံးနေရာအတွက် အဆုံးအဖြတ်ပွဲမှာ ကမ္ဘောဇကို အရှုံးပေးလိုက်ရတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကမ္ဘောဇထက် တစ်ပွဲလျော့နေလို့ ထိပ်ဆုံးနေရာကို ပြန်လည်ရယူဖို့ အခွင့်အရေးတွေ ရှိသေးတယ်လို့ ပြောလို့ရပါတယ်။

ပြည်တွင်းကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ ကမ္ဘောဇအသင်းကတော့ အရေးပါတဲ့ပွဲစဉ်မှာ နိုင်ပွဲရယူပြီး ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ပါတယ်။ ခင်မောင်လွင်၊ မိုးဝင်း၊ စိုးမင်းဦး၊ ကျော်ဇင်ထက်(ဂိုး)တို့နဲ့ လူစုံပါဝင်ခဲ့တဲ့ ကမ္ဘောဇအသင်းဟာ ပထမပိုင်းမှာ ကစားပုံကောင်းခဲ့သလို ဒုတိယပိုင်းမှာလည်း ဧယျာရွှေမြေတိုက်စစ်ကို ကြံ့ကြံ့ခံ ဖျက်ထုတ်နိုင်ခဲ့လို့ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် အခုပွဲမှာ ကမ္ဘောဇနောက်ခံလူတွေနဲ့ ဂိုးသမားကျော်ဇင်ထက်တို့ အစွမ်းပြနိုင်ခဲ့လို့ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ ၁၀မိနစ်မှာ ညာခြမ်းက ဖြတ်တင်ဘော လျှံကျလာတာကို ညဏလွင်က ပြေးဝင် ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အဓိက ကစားသမားတွေဖြစ်တဲ့ ရာဇာဝင်းသိန်းနဲ့ ဂိုးသမား ညီညီလွင်တို့ ပွဲပယ်ခံထားရတာ၊ တောင်ကိုရီးယားတိုက်စစ်မှူး ကင်မ် ဒဏ်ရာကြောင့် မကစားနိုင်ခဲ့တာတွေက ဧယျာရွှေမြေကို အားလျော့စေခဲ့ပြီး ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရတာပဲ ဖြစ်ပါတယ်။

သုဝဏ္ဏကွင်း

ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး။
ဆောက်သမ်းမြန်မာ - ဂိုးမရှိ။

သွင်းယူ

ယမန်နေ့က ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာ လက်ရှိချန်ပီယံ ရတနာပုံအသင်း အနိုင်ရသွားလို့ ရန်ကုန်ယူနိုက်တက်အသင်း အနေနဲ့ အခုပွဲကို မဖြစ်မနေ အနိုင်ရဖို့ ကြိုးစားသွားခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်း ကစားပုံဟာ အခုပွဲမှာ ကောင်းမွန်ခဲ့သလို ဒုတိယပိုင်းမှာလည်း အနိုင်ရလဒ်ကို ထိန်းနိုင်အောင် ခံစစ်ပိုင်း အမှားမရှိအောင် ကစားနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲအစက ခြေစွမ်းမျိုးပျောက်နေတဲ့ ဆောက်သမ်းအသင်းကတော့ နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရတာပဲ ဖြစ်ပါတယ်။ ရန်ကုန်အတွက် အနိုင်ဂိုးတွေကို ၂၃မိနစ်မှာ နိုင်ဦးလွင်နဲ့ ၂၉မိနစ်မှာ ဒေးဗစ်တို့က သွင်းယူခဲ့ပါတယ်။ ။

(မြန်မာ့အလင်း)

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဒယ်လ်တာယူနိုက်တက်- ဉဿာယူနိုက်တက်။

ဧယျာရွှေမြေ၏တိုက်စစ်ကို ကမ္ဘောဇမှ အေးဆန်းနှင့် ဂိုးသမား ကျော်ဇင်ထက်တို့ ကာကွယ်စဉ်။

ဆေးလိပ်ဈေးကွက်၊ ဆွဲဆောင်အား ကျားမ မရွေး သတိထား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ် မေလ ၃၁ရက်နေ့ကို **ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့** "World No Tobacco Day" အဖြစ် သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၉ခုနှစ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်အဖြစ် **ဆေးလိပ်အန္တရာယ် ဆင်ခြင်ဖို့၊ ကျန်းမာရေးအတွက် သတိပေးစို့** (Tobacco Health Warning)ဟု သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင်လည်း **ဆေးလိပ်ဈေးကွက်၊ ဆွဲဆောင်အား ကျားမ မရွေး သတိထား** (Gender and tobacco with an emphasis on marketing to women)ဟူ၍ သတ်မှတ်ဆောင်ရွက်ရန် ညွှန်ကြားထားသည်။ အထူးသဖြင့် အမျိုးသမီးများအား ဆေးလိပ်ဈေးကွက်မှ ပိုမိုပစ်မှတ်ထား ဆွဲဆောင်လာခြင်းအား သတိထားကာကွယ်ကြရန် ဖြစ်သည်။

လက်ရှိကမ္ဘာ့ဆေးလိပ်သောက်သုံးမှုအခြေအနေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယခုအခါ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော် ရှိပါသည်။ ၎င်းသန်းတစ်ထောင်အနက် အများစုသည် အာရှတိုက်မှ ဖြစ်ကြသည်။ ဖွံ့ဖြိုးပြီး တိုင်းပြည်များသည် ဆေးလိပ်ဆေးရွက်ကြီး၏အန္တရာယ်ကို သိမြင်လာကြသည့် အလျောက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ဆေးလိပ်သောက်သုံးသူဦးရေ တိုးတက်များပြားလျက်ရှိကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များတွင် သိသာစွာ တိုးတက်များပြားလာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်မူ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို ပိုမို သိရှိနားလည်ကြသည့်အလျောက် ဆေးလိပ်သောက်သုံးမှုနှုန်းထားများ လျော့နည်းကျဆင်းလျက်ရှိသည်ကို တွေ့ရှိရသည်။ ကျောင်းသား ကျောင်းသူများအတွက် စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ခုနှစ် စစ်တမ်း (Global Youth Tobacco Survey 2001)အရ ရှစ်တန်း၊ ကိုးတန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ၏ ၁၀ဒသမ၂ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ခုနှစ် စစ်တမ်း (Global Youth Tobacco Survey 2007)အရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း သိရှိရသည်။

အလားတူ အသက်(၁၅)နှစ်အထက် အမျိုးသားများအတွင်း ဆေးလိပ်သောက်သုံးမှုနှုန်းသည်လည်း ၁၉၉၀ ဝန်းကျင်မှာ ၆၀ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ၂၀၀၁ခုနှစ်တွင် ၄၈ရာခိုင်နှုန်းမှ ၂၀၀၇ခုနှစ်တွင် ၂၆ရာခိုင်နှုန်းကျော်သာရှိကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများတွင် ဆေးလိပ်သောက်သုံးမှုအနေနှင့် မြို့ပြတွင် သိသာစွာ လျော့နည်းကျဆင်းလျက်ရှိရာ မြို့ပြနေအမျိုးသမီးထု၏ လေးရာခိုင်နှုန်းနှင့် ကျေးလက်နေအမျိုးသမီးထု၏ ၂၀ရာခိုင်နှုန်းခန့် ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

ဆေးလိပ်အန္တရာယ်

ဆေးလိပ်၏ အခိုးအငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော် ပါဝင်သည်။ ၎င်းအထဲတွင် လူများကို အန္တရာယ်ဖြစ်စေနိုင်သော (ကတ္တရာ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယား)ဓာတ်များစွာ ပါဝင်သည်။ အဓိကပါဝင်သောပစ္စည်းမှာ နီကိုတင်းဖြစ်၏။ လူကို အလွန်စွဲလမ်းစေသောအရာ ဖြစ်သည်။ နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ်သောက်သုံးကြည့်ရာမှ တဖြည်းဖြည်း ပို၍စွဲလမ်းလာပြီး မသောက်ရ မနေနိုင်အောင် ဖြစ်လာကြသည်။

ဆေးလိပ်/ဆေးရွက်ကြီးသည် သုံးစွဲသူတို့၏ ကိုယ်တွင်းရှိ အင်္ဂါအားလုံးလောက်နီးပါးကို ထိခိုက်စေသည်။ အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာများအပြင် အစာမျိုပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်ကရိယ၊ အသည်း၊ သားအိမ်ခေါင်း၊ အစာအိမ်၊ အူမကြီး၊ စအိုလမ်းကြောင်းကင်ဆာများကိုလည်း ဖြစ်စေနိုင်သကဲ့သို့ သွေးကင်ဆာများလည်း ဖြစ်စေနိုင်ပေသည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ပွခြင်း၊နာတာရှည် လေပြွန်ရောင်ရမ်းခြင်းစသော အဆုတ်နှင့် ပတ်သက်သည့်ရောဂါများ ပိုမိုဖြစ်ပွားစေနိုင်သည်။ ဆေးလိပ်သောက်သုံးသူနှင့် သူ၏ပတ်ဝန်းကျင်တွင်လည်း ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် လသားကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း၊ လူကြီးများတွင် နှလုံးရောဂါနှင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်းတို့ ဖြစ်ပွားစေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ငါးသန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပေါ်ရသည့် ရောဂါများကြောင့် သေဆုံးလျက်ရှိကြပြီး ၂၀၂၀ခုနှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားသေဆုံးမှုသည် လူအများသေဆုံးရခြင်း၊ ရောဂါဖြစ်ပွားရခြင်းတို့၏ အဓိကအကြောင်းခံတရား ဖြစ်လာနိုင်ပါသည်။

အမျိုးသမီးနှင့် ဆေးလိပ်ဈေးကွက်ပစ်မှတ်

ဆေးလိပ်သောက်ခြင်း၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအန္တရာယ်ကို သိမြင်လာကြသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများသည် စီးကရက် အရောင်းကျလာသည့်အလျောက် စီးကရက်လုပ်ငန်းရှင်များသည် မိန်းမသားများအား ပို၍ ပစ်မှတ်ထားလာကြသည်။ အနောက်နိုင်ငံများ၌ ဆေးလိပ်၏အန္တရာယ်ကို သိရှိလာ၍ ဆေးလိပ်သောက်သုံးမှုနှုန်းထား ကျဆင်းလာသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဈေးကွက်သစ်များ ရှာလာကြသည်။ ပရိယာယ်ကြွယ်သော ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာများဖြင့် မိန်းမသားများအား ဆေးလိပ်သောက်ရန် မြှူဆွယ်လာကြသည်။ မိန်းမသားများကို ၁၉၅၀ခုနှစ်မှစ၍ ဆေးလိပ်၏ပစ်မှတ်များအဖြစ် စတင်ခဲ့သည်။

၁၉၈၂ခုနှစ် အမေရိကန်ပြည်ထောင်စု ဆေးဝါးဂျာနယ်၌ ဆေးလိပ်သူဌေးကြီးများက မိန်းမသားများ ဆေးလိပ်သောက်သုံးမှုများ ပို၍များပြားလာသောကြောင့် အမျိုးသမီးများသည် လူ့ဘောင်အဖွဲ့အစည်း၌ ပိုမိုလွှမ်းမိုးသော အခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်နေခြင်းနှင့် စွမ်းရည်ပိုမိုသုံးနိုင်ခြင်း၊ ယောကျ်ားများထက် အသက်ပို၍ရှည်ခြင်းများကြောင့် အဓိကပစ်မှတ်ဖြစ်လာကြောင်း ဖော်ပြထားသည်။

အခြားသောဒေသများနှင့်စာလျှင် အရှေ့တောင်အာရှဒေသတွင် ဆေးလိပ်သောက်သုံးသူအမျိုးသမီး အတော်အတန်နည်းသည်ဟု ထင်ရသော်လည်း လူဦးရေများပြားသောနိုင်ငံများတွင် သန်းနှင့်ချီ၍ သောက်သုံးနေကြသည်။ ပမာဆိုရသော် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိန်းမသားများမှာ ငါးသန်းကျော် ဆေးလိပ်သောက်သုံးနေကြသည်။

အမျိုးသားဆေးလိပ်သောက်သုံးသူများသည် ၁၉၈၀ခုနှစ်မှ ၁၉၉၃ခုနှစ်ကြား ၆၇ ရာခိုင်နှုန်းမှ ၆၀ရာခိုင်နှုန်းအထိ လျော့နည်းလာခဲ့သော်လည်း မိန်းမသားများမှာ ၁ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သောက်လာကြသည်။

အိန္ဒိယနိုင်ငံတွင် မိန်းမသားများ ၄၅ သန်းခန့် ဆေးလိပ်သောက်ကြပါသည်။ ၁၅ ရာခိုင်နှုန်းမှ ၆၇ ရာခိုင်နှုန်းအထိ ရာနှုန်းအားဖြင့် ကွာခြားမှုရှိကြောင်း တွေ့ရသည်။ နီပေါနိုင်ငံတွင် ၁၉၉၈ခုနှစ် လေ့လာချက်အရ တောင်ပေါ်အရပ်ဒေသရှိ မိန်းမသားများ၏ ၇၀ ဒသမ ၇ ရာခိုင်နှုန်းသောက်ပြီး မြေပြန့်မှ အမျိုးသမီးများ၏ ၅၈ ဒသမ ၉ ရာခိုင်နှုန်းခန့် သောက်သုံးကြ၍ ကမ္ဘာပေါ်တွင် အမျိုးသမီးဆေးလိပ် သောက်သုံးမှု အများဆုံးနိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ၂၀ရာခိုင်နှုန်းခန့် ဆေးလိပ်သောက်သုံးကြသည်။ အထူးသဖြင့် ကျေးလက်နေ အမျိုးသမီးထုအတွင်း ဆေးလိပ်သောက်ခြင်း၊ ဆေးငုံခြင်းအလေ့အကျင့် ထွန်းကားလျက်ရှိသေးသည်။

ဒေါက်တာအောင်ထွဏ်း
(ကျောင်းနှင့် ဆယ်ကျော်သက်လူငယ်ကျန်းမာရေး)

ဆေးလိပ်သည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အိမ်ဦးခန်းတွင် ရှိခဲ့သည်။ ဧည့်သည်အား ဧည့်ခံရာတွင် ကွမ်း၊ ဆေး၊ လက်ဖက်သည် ရိုးရာအစဉ်အလာတစ်ခုဖြစ်ခဲ့သည်။ မိဘဘိုးဘွားများက လူငယ်များကို မီးညှိခိုင်းခြင်းဖြင့် ဆေးလိပ်ကို ယဉ်ပါးစေသည်။ စီးကရက်ကို ကုန်ပစ္စည်းတစ်ခုအဖြစ် အရောင်းမြှင့်တင်ရာတွင် ကံစမ်းမဲများ၊ လက်ဆောင်များ၊ အားကစားပွဲပဟေဠိများ၊ ဖျော်ဖြေပွဲများမှ တစ်ဆင့်လည်း လူတန်းစားအရွယ်အသီးသီးကို စီးကရက်အမျိုးမျိုးဖြင့် ယဉ်ပါးစေသည်။ စီးကရက်များကို သုံးစွဲသူများအား ဆွဲဆောင်နိုင်သည်။ ထို့ပြင် တစ်လိပ်ချင်း၊ ဘူးငယ်လေးများဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။ ဤသည်မှာ သုံးစွဲသူများအား အလွယ်တကူ စည်းရုံးဆွဲဆောင်သည့် ဈေးကွက်စီးပွားရေး နည်းပညာများ ဖြစ်ပါသည်။

ဆေးလိပ်နှင့်အမျိုးသမီးများ၏ ကျန်းမာရေးပြဿနာ

အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်လျှင် သားအိမ်မှတစ်ဆင့် သန္ဓေသားသို့သွားသည့် သွေးကြောကျဉ်းခြင်း၊ သွေးခဲခြင်းတို့ကြောင့် သန္ဓေသားသည် အောက်ဆီဂျင်နှင့် လိုအပ်သောအာဟာရဓာတ် အလုံအလောက်မရဘဲ မိခင်ရော ကလေးပါ ထိခိုက်စေနိုင်ပါသည်။ သူတစ်ပါး၏ ဆေးလိပ်ငွေ့ ရှူရှိုက်ရခြင်းသည်လည်း ဝမ်းတွင်းသန္ဓေသားကို ထိခိုက်စေနိုင်ပါသည်။ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်ခြင်းကြောင့် သားအိမ်ပြင်ပတွင် သန္ဓေတည်ခြင်း၊ သားပျက်သားလျှောခြင်း၊ လမစေ့ဘဲကလေးမွေးခြင်း၊ ပေါင်ချိန်မပြည့်သည့် ကလေးမွေးခြင်း၊ ကလေးအသေမွေးခြင်း၊ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းသည့် ကလေးမွေးခြင်းတို့ ဖြစ်ပွားနိုင်သည်။ ထို့အပြင် ဆေးလိပ်သောက်သုံးသူမိခင်များမှ မွေးဖွားသောကလေးများ၏ ဦးနှောက်နှင့် ကိုယ်အင်္ဂါဖွံ့ဖြိုးမှုသည် အသက် (၁၀)နှစ်အရွယ်အထိ ပုံမှန်မဟုတ်ဘဲ နှေးကွေးကြုံလှီတတ်ပါသည်။

မြန်မာနိုင်ငံ ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းစင်ရေး ဆောင်ရွက်ချက်များ

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီး ငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် လူငယ်၊ လူရွယ်များနှင့် ပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါသည်။

ထင်ရှားသော မှတ်တိုင်များအနေနှင့် ဆေးလိပ် ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းမှုမပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်ခြင်း စသည်တို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံတွင် အဖွဲ့ဝင် နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ အဆိုပါ ကွန်ဗင်းရှင်းရေးဆွဲရေး အဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၃ရက်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၀၄ခုနှစ် ဧပြီ ၂၀ရက်တွင် အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုသည့် (၁၁)နိုင်ငံမြောက်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ခဲ့သည်။ ထိုအောင်မြင်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးမြှင့်သည့် ၂၀၀၄ ခုနှစ်အတွက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်က လက်ခံခဲ့သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေ ၄ရက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၆)အဖြစ် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေတွင် ကွန်ဗင်းရှင်းပါနေရာများ သတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ်ထုပ်ပိုးရာတွင် ကျန်းမာရေး သတိပေးချက်ပါရှိစေခြင်း စသည်တို့ပါဝင်သည်။

ဥပဒေအရ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်းကို ခွင့်မပြုသကဲ့သို့ ဆေးလိပ်အရောင်းမြှင့်တင်ရေးအတွက် Sponsor လုပ်ခြင်းကိုလည်း ပိတ်ပင်တားမြစ်ထားပါသည်။ ဆေးလိပ်၊ ဆေးတံများ၊ အမှတ်အသားများကို သွယ်ဝိုက်ကြော်ငြာ အသုံးပြုခြင်းကိုလည်း ပြုလုပ်ခွင့်မပြုပါ။ ဥပဒေသည် ၂၀၀၇ခုနှစ် မေ ၄ရက်တွင် စတင်အာဏာသက်ဝင်ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများအနေနှင့် ဌာနအလိုက် ညွှန်ကြားချက်များ ထုတ်ပြန်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ဆေးလိပ်သောက်သူ အများစုသည် ကလေးသူငယ်ဘဝမှာ ဆေးလိပ်ကို စတင်သောက်သုံးရင်းနှင့် စွဲလမ်းသွားကြတာ ဖြစ်သည်။ ထို့ကြောင့် ဆေးလိပ်ကို အသက် (၁၈)နှစ်အောက် ကလေးသူငယ်များကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ကလေးသူငယ်များကို ဆေးလိပ်ရောင်းချဖြန့်ဖြူးရာတွင် စေခိုင်းခြင်းတို့ကို တားမြစ်ထားသည့်အပြင် ကျောင်းများ၏ ပေ ၁၀၀အတွင်းမှာ ဆေးလိပ်ရောင်းချခြင်းတို့ကို တားမြစ်ထားပါသည်။

အများပြည်သူတို့ သူတစ်ပါးဆေးလိပ်ငွေ့ ရှူရှိုက်ရခြင်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများနှင့် အကန့်အသတ်ဖြင့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများကို ဥပဒေမှာ အသေးစိတ်ဖော်ပြထားရှိသည်။ ဥပဒေပါ အချက်အလက်များကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်ဒဏ်ကျခံရမှာဖြစ်သည့်အတွက် ဥပဒေပါ အချက်အလက်များကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိသဘောပေါက်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်သွားရန် လိုအပ်သည်။

လမ်းမှားသို့ ပို့ဆောင်နေသည့် ဆေးလိပ်/ဆေးရွက်ကြီးထွက်ပစ္စည်းကြော်ငြာများ

ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုသည် ကာကွယ်တားဆီးနိုင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကူးစက်ရောဂါဖြစ်ပြီး နိုင်ငံများစွာရှိ ဆေးလိပ်ကုမ္ပဏီကြီးများက ဆိုခဲ့ပြီးသော ကူးစက်ရောဂါပျံ့နှံ့မှုကို ပိုမိုဆိုးရွားအောင် မီးထိုးဆီထည့်ပေးနေကြသည်။ ၎င်းကုမ္ပဏီများက ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ရေးပစ္စည်းများဝေငှခြင်း၊ အခမ်းအနားများကို အကုန်အကျ တာဝန်ခံပေးခြင်း၊ ထုတ်လုပ်ပစ္စည်းကို လွယ်လင့်တကူ ဝယ်ယူရရှိစေခြင်း၊ ထို့အပြင် အောင်မြင်မှုနှင့် ဆေးလိပ်ကို ယှဉ်တွဲ၍ဖော်ပြသော ဆိုင်းဘုတ်ကြီးများကို အသုံးချပြီး လူငယ်လူရွယ်နှင့် ကလေးများအား ဖြားယောင်းသွေးဆောင်လျက်ရှိပါသည်။

စုပေါင်းကာကွယ် ဆေးလိပ်အန္တရာယ်

၂၀၁၀ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့သည် ဆေးလိပ်၊ ဆေးရွက်ကြီး ရောင်းဝယ်ခြင်းနှင့် သောက်သုံးခြင်းသည် အမျိုးသမီးများ အကျိုးယုတ်နိုင်ကြောင်းကို နှိုးဆော်ရန် ရည်ရွယ်ပါသည်။ တစ်ချိန်တည်းမှာပင် အမျိုးသားများသည် အမျိုးသမီးများ နေထိုင်ရာနှင့် လုပ်ငန်းခွင်များအတွင်း ဆေးလိပ်သောက်သုံးခြင်းကို ရှောင်ကြဉ်နိုင်ရန် မိမိတို့တွင်ပါ တာဝန်ရှိကြောင်းကို သိမြင်စေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုဆိုင်ရာ ကွန်ဗင်းရှင်းတွင် ဖော်ပြချက်အရ အမျိုးသမီးများနှင့် အမျိုးသားများအား ဆေးလိပ်နှင့် ဆေးရွက်ကြီးကုမ္ပဏီများမှ ရောင်းချခြင်းနှင့် ဆေးလိပ်သောက်သုံးခြင်းကို ကာကွယ်ရပါမည်။ ၂၀၀၅ခုနှစ်မှ စတင်အသက်ဝင်ခဲ့သည့် နိုင်ငံတကာသဘောတူစာချုပ်ဝန်ခံချက်အရ ဆေးလိပ်နှင့် အခြားဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲခြင်းသည် အမျိုးသမီးနှင့် လူငယ်မိန်းကလေးများအတွင်း များပြားလျက် ရှိခြင်းကြောင့် အမျိုးသားနှင့် အမျိုးသမီးသီးသန့် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်မှုမဟာဗျူဟာ လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် မိမိတို့မိသားစုအတွင်း၊ ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း၊ ကျောင်းအတွင်းမှသည် တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ် ကင်းဝေးရေးအတွက် အမျိုးသမီးထုအား ဆေးလိပ်ဈေးကွက် ပစ်မှတ်ထားခြင်းမှ သတိထားကာကွယ်၍ အောက်ပါအချက်များကိုလိုက်နာကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

- **ဆေးလိပ်၊ ဆေးရွက်ကြီးကို အစပြုလျှင် စွဲတတ်သည်။ ထို့ကြောင့် ဆေးလိပ်ကို လုံးဝ အစမပြုပါနှင့်။**
- **ကွမ်းဆေးမစားပါနှင့်၊ ဆေးရွက်ကြီးမငုံပါနှင့်။**
- **မိဘပြည်သူများက သားသမီးများနှင့် ကလေးသူငယ်များကို ဆေးလိပ်အစမပြုမိကြစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြပါ။ သတိပေးကြပါ။**
- **ဆေးလိပ်သောက်မိလျှင်၊ စွဲနေလျှင် ဖြတ်နိုင်ရန် ကြိုးစားပါ။ နီးစပ်ရာ ကျန်းမာရေးဌာနတွင် တိုင်ပင်ပြသပါ။**
- **ကျန်းမာရေးပညာရှင်များနှင့် ကျန်းမာရေးအသိရှိသူတိုင်းက စံပြနမူနာအဖြစ် ဆေးလိပ်၊ ဆေးရွက်ကြီးကို ရှောင်ကြဉ်ကြပါ။ လူနာများ၊ လူနာမိသားစုများ၊ ပြည်သူများကို ပညာပေးစည်းရုံးပါ။ ။**

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

လက်ရှိချန်ပီယံအီတလီတို့ အခြေအနေကောင်းတဲ့ အုပ်စု(စ)အသင်းများ

➢ ရေးသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ကိတ်တောင်း မေ ၃၀

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စု(စ)မှာတော့ အီတလီ၊ ပါရာဂွေး၊ နယူးဇီလန်နဲ့ ဆလိုဗက်ကီးယားအသင်းတွေ ပါဝင်နေပါတယ်။ ဒီအုပ်စုမှာတော့ အီတလီတို့အုပ်စုတက်ဖို့ အခြေအနေကောင်းနေပြီး ကျန်အသင်းတွေကတော့ နောက်တစ်ဆင့်တက်ရေး အကြိတ်အနယ်နွှဲရမယ့် အနေအထား ရှိနေပါတယ်။

အီတလီအသင်း

အုပ်စု(စ)မှာပါဝင်တဲ့ အီတလီအသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဖိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့အသင်းဖြစ်ပါတယ်။ အီတလီအသင်းဖိုလ်စွဲမယ်လို့ ရေပန်းစားနေတာကလည်း လက်ရှိကမ္ဘာ့ဖလားချန်ပီယံဖြစ်ပြီး ခြေစွမ်းလည်းတည်ငြိမ်နေတာမို့ ပရိသတ်တွေက အီတလီအသင်းကို ထင်ကြေးပေးနေကြခြင်း ဖြစ်ပါတယ်။

အီတလီအသင်းရဲ့ ကမ္ဘာ့ဖလားသမိုင်းကြောင်းကို ကြည့်ရင် ၁၉၃၄၊ ၁၉၃၈၊ ၁၉၈၂ နဲ့ ၂၀၀၆ ခုနှစ်တွေမှာ ကမ္ဘာ့ဖလားကို လေးကြိမ်ဆွတ်ခူးနိုင်ခဲ့တာမို့ သမိုင်းမှတ်တမ်းကောင်းတဲ့အသင်းလည်း ဖြစ်ပါတယ်။ အီတလီအသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် စတုတ္ထနေရာမှာရပ်တည်နေပြီး ပြိုင်ဘက်တိုင်း အလေးထားနေရတဲ့အသင်း ဖြစ်ပါတယ်။ အီတလီအသင်းကို နည်းပြအဖြစ် တာဝန်ယူမှာကတော့ မာဆယ်လိုလစ်ပီဖြစ်ပြီး အသင်းခေါင်းဆောင်ကတော့ ပီယာလိုကို ရွေးချယ်ထားပါတယ်။

အီတလီအသင်းဟာ ကမ္ဘာ့ဖလား လက်ရှိချန်ပီယံဖြစ်ပေမယ့် ခြေစစ်ပွဲဝင်ခဲ့ရပြီး နောက်ဆုံးခြေစစ်ပွဲအဖြစ် အိုင်ယာလန်ကို နှစ်ဂိုးစီသရေပွဲနဲ့ ဥရောပဇုန်အုပ်စု(၈)မှာ ထိပ်ဆုံးက ခြေစစ်ပွဲအောင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ အီတလီအသင်းမှာတော့ ဖီအိုရင်တီးနားမှာ ကစားနေတဲ့ တိုက်စစ်မှူးဂီလာဒီနို၊ ဗီလာရီရဲမှာကစားနေတဲ့ တိုက်စစ်မှူး ရိုစ်ဆီ၊ ဂျူဗင်းတပ်စ်မှာ ကစားနေတဲ့ ကွင်းလယ်ကစားသမားကာမိုရာနီစီ၊ အေစီမီလန်မှာ ကစားနေကြတဲ့ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဂတ်တူဆို၊ ပီယာလိုနဲ့ ဂျူဗင်းတပ်စ်မှာကစားနေတဲ့ နောက်ခံလူကင်နာဗာရိုတို့ကို အခြေပြုပြီး စုဖွဲ့ကာ ယှဉ်ပြိုင်ကစားစေမှာဖြစ်ပါတယ်။ အီတလီအသင်းရဲ့မျှော်မှန်းချက်ကတော့ လက်ရှိကမ္ဘာ့ဖလားကို ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။

ပါရာဂွေးအသင်းအား အောင်မြင်မှုမှတ်တမ်း သစ်ရေးထိုးပေးကြမည့် ဘောလုံးသမားများ....

ပါရာဂွေးအသင်း

တောင်အာဖရိကဇုန်က ခြေစစ်ပွဲအောင်လာတဲ့ ပါရာဂွေးအသင်းဟာ ထူးထူးခြားခြား နောက်ဆုံး ခြေစစ်ပွဲမှာ အာဂျင်တီးနားကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိပြီး ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တက်ရောက်လာတဲ့အသင်း ဖြစ်ပါတယ်။

ပါရာဂွေးအသင်းဟာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ ၁၉၈၆၊ ၁၉၉၈နဲ့ ၂၀၀၂ခုနှစ်တွေမှာ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအထိ တက်ရောက်နိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ဖီဖာရဲ့ လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက်ကတော့ ၃၀ဖြစ်ပြီး တောင်အမေရိကမှာတော့ ခြေစွာတဲ့အသင်းတစ်သင်း ဖြစ်ပါတယ်။ ပါရာဂွေးအသင်းရဲ့ နည်းပြအဖြစ်မာတီနိုက ဆောင်ရွက်မှာဖြစ်ပြီး အသင်းခေါင်းဆောင်ကတော့ ကာဒိုဇိုကိုတာဝန်ပေးထားပါတယ်။

ပါရာဂွေးအသင်းမှာ ပါဝင်ကစားမယ့် ဘောလုံးသမားတွေထဲက ဒေါ့တ်မွန်အသင်းမှာ ကစားနေတဲ့ တိုက်စစ်မှူး ဗာလ်ဒက်ဇ်၊ ဘင်ဖီကာမှာကစားနေတဲ့ တိုက်စစ်မှူးကာဒိုဇို၊ မန်စီးတီးမှာကစားနေတဲ့ ဆန်တာခရုဇ်တို့ကို အခြေပြုပြီး အသင်းဖွဲ့စည်းထားပါတယ်။ ပါရာဂွေးအသင်းဟာ အဲ့ဒီအင်အားတွေနဲ့အတူ ပြည်တွင်းက ခြေစွမ်းထက်တဲ့ ဘောလုံးသမားတွေကိုစုစည်းပြီး အပြင်းအထန် လေ့ကျင့်နေပြီဖြစ်ပါတယ်။

နယူးဇီလန်အသင်း

အုပ်စု(စ)မှာတော့ အုပ်စု နောက်တစ်ဆင့် တက်ရောက်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးစားရမယ့် အသင်းကတော့ နယူးဇီလန်အသင်းပဲ ဖြစ်ပါတယ်။ နယူးဇီလန်အသင်းဟာ နောက်ဆုံးခြေစစ်ပွဲအဖြစ် ဘာရိန်းအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ သမုဒ္ဒရာဇုန်ကနေပြီး ထိုက်ထိုက်တန်တန် ခြေစစ်ပွဲအောင်လာတဲ့ နယူးဇီလန်အသင်းဟာ ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ သမိုင်းမှတ်တမ်း ရေးထိုးဖို့ ကြိုးစားနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

နယူးဇီလန်အသင်းရဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းမှတ်တမ်းကိုကြည့်ရင် ၁၉၈၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ အုပ်စုပထမအဆင့်ပွဲစဉ်မှာ ပါဝင်ဆင်နွှဲနိုင်ခဲ့တာဟာ အမြင့်ဆုံးဖြစ်ပြီး အခု ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ဆင်နွှဲခြင်း ဖြစ်ပါတယ်။

လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ အီတလီအသင်း ဖလားကာကွယ်နိုင်ရေး မည်သို့ကြိုးစားမည်ကို စောင့်ကြည့်ရပေမည်။

နယူးဇီလန်ရဲ့ ဖီဖာကမ္ဘာ့အဆင့် သတ်မှတ်ချက်ကတော့ ၇၇ ဖြစ်ပြီး လက်ရှိနည်းပြအဖြစ် တာဝန်ယူနေသူကတော့ ဟာဘတ်ဖြစ်ပါတယ်။ အသင်းခေါင်းဆောင်အဖြစ် နယ်လ်ဆင်ကို တာဝန်ပေးထားပြီး အောင်မြင်မှုရရှိရေး ကြိုးစားသွားမှာဖြစ်ပါတယ်။ နယူးဇီလန် အသင်းမှာတော့ ပလိုင်းမောက်တိုက်စစ်မှူး ဖာလွန်၊ ဘလက်ဘန်းမှာ ကစားနေတဲ့ နောက်တန်းခံစစ်မှူး နယ်လ်ဆင်၊ ဆဲလ်တစ်မှာ ကစားနေတဲ့ ခရစ်ကီလ်လန်တို့ကိုအမာခံထားပြီး စုဖွဲ့ထားတာမို့ နယူးဇီလန်တို့ရဲ့ကစားအားကလည်း ပြိုင်ဘက်အသင်းတွေ မှန်းဆရခက်ခဲစေတဲ့ အနေအထားဖြစ်ပါတယ်။

ဆလိုဗက်ကီးယားအသင်း

အုပ်စု(စ)မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မျက်နှာသစ်အသင်းအဖြစ် ဆလိုဗက်ကီးယားတို့ ပါဝင်ဆင်နွှဲခြင်းဖြစ်ပါတယ်။ ဆလိုဗက်ကီးယားအသင်းဟာနောက်ဆုံး ခြေစစ်ပွဲအဖြစ် ပိုလန်အသင်းကိုတစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပြီး ၂၀၁၀တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပွဲကို ချီတက်လာခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ပိုလန်ကို တစ်ဂိုး- ဂိုးမရှိနဲ့နိုင်ခဲ့တာကလည်း ပိုလန်ကစားသမား ဂန်ကာခရက်ဇ်က ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားခဲ့တဲ့ လက်ဆောင်ဂိုးနဲ့ အနိုင်ရခြေစစ်ပွဲ အောင်ခဲ့ခြင်းဖြစ်ပါတယ်။

ဆလိုဗက်ကီးယားအသင်းဟာ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲသမိုင်းမှာတော့ ပထမဆုံး ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပေမယ့် ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်က ၃၄ ဖြစ်ပါတယ်။ ဆလိုဗက်ကီးယားအသင်းကို နည်းပြအဖြစ် ဗလာဒီမာဝီအက်စ်ကတာဝန်ယူနေပြီး အသင်းခေါင်းဆောင်ကတော့ ဟမ်းဆစ်ခ်ကို တာဝန်ပေးထားပါတယ်။ ဆလိုဗက်ကီးယားအသင်းမှာတော့ နာပိုလီအသင်းမှာ ကစားနေတဲ့ ဟမ်းဆစ်ခ်၊ ရော်လ်ကေးမှာ ကစားနေတဲ့ တိုက်စစ်မှူး ဂျန်ရစ်ခ်၊ မိန့်ဇ်ကလပ်မှာ ကစားနေတဲ့ ကွင်းလယ်ကစားသမား ကာဟန်၊ ဘိုချန်အသင်းမှာ ကစားနေတဲ့ ကွင်းလယ်ကစားသမား ဆက်တက်ခ်၊ မန်စီးတီးမှာ ကစားနေတဲ့ ဝီအစ်၊ ချယ်လ်ဆီးမှာကစားနေတဲ့ ကွင်းလယ်ကစားသမား စတူရစ်ဂျ်တို့ကို အမာခံထားပြီး စုဖွဲ့ထားတာမို့ အုပ်စု(စ) ပြိုင်ဘက်အသင်းတွေကိုတော့ ခြိမ်းခြောက်နိုင်တဲ့ အနေအထားရှိနေပါကြောင်း။ ။

ကိုးကား - အင်တာနက်

မေ ၂၇ ရက်က ဒေါပုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ဒေါပုံမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများအတွက် လှူဒါန်းငွေကျပ်သိန်း ၂၀ကို ပေါ်ပြူလာပလတ်စတစ်လုပ်ငန်း မန်နေဂျင်း ဒါရိုက်တာဦးကျင်ဦးက ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဌေး လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီ စည်ပင်သာယာရေးအဖွဲ့ ရေများဖြန့်ဝေ

မြဝတီ မေ ၃၀

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နွေရာသီသောက်သုံးရေခက်ခဲနေသည့် အောင်မြေရွှေဘုံကျေးရွာသို့ ရေကားများဖြင့် ရေများအခမဲ့ဖြန့်ဝေခြင်းကို မေ ၁၄ရက်က ဆောင်ရွက်ခဲ့ရာ သောက်သုံးရေများ အခမဲ့ဖြန့်ဝေခြင်းကို မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်ယာဉ်နှစ်စီး၊ ပုဂ္ဂလိက ရေသယ်ယာဉ်ခြောက်စီး စုစုပေါင်း ၁၀စီးဖြင့် သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးနေသည်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သည်။ **(အောက်ပုံ)**

ဖြန့်ဝေ

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် တူးဖော်ပေးခဲ့သော လေးလက်မစက်ရေတွင်း ဂါလန် ၂၄၀၀ဆံ့ ရေကန်များ၊ ကျေးလက်တွင် ၁၄တွင်း၊ မြို့ပေါ်ါ်ါ်းရပ်ကွက်တွင် ၁၇တွင်း စုစုပေါင်း ၃၁တွင်းနှင့် အိမ်တိုင်ရာရောက် စိမ့်စမ်းရေသွယ်သုံးခုစက်ရေတွင်းများအားလုံး ရေများအဆင်ပြေစွာ ဖြန့်ဝေပေးလျက်ရှိသည်။ **(၁၀၁)**

သာပေါင်းမြို့နယ် ကျေးလက်ပြည်သူများ သောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် မေ ၁၇ရက်က ကွမ်းခြံကုန်းကျေးရွာတွင် ရေဖြန့်ဝေပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေရှားပါးသည့် ကျေးရွာများ ရေလုံလောက်မှုရှိစေရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်က မြန်အောင်မြို့နယ် သဲဘိုကျေးရွာအုပ်စု သဲဘိုကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် ရေဖြန့်ဝေပေးနေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုင်းဖြတ်ခရိုင် ဦးစီးအရာရှိ စာကြည့်တိုက်များ ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၃၀

မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသည် ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦး လိုက်ပါလျက် မေ ၂၀ရက်က မိုင်းယုမြို့ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းကျွမ်းကျင်မှုရှိရေးနှင့် ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ (၅)ချက်ညီ စာကြည့်တိုက်များဖြစ်အောင် စည်းရုံးဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အာခါဆမ်မိန်းကျေးရွာ တက်လူစာကြည့်တိုက်ကိုသွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက စာကြည့်တိုက် ဖွဲ့စည်းတည်ထောင်နိုင်မှုနှင့် စာအုပ် စုဆောင်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အလားတူ မေ၂၁ရက်က မိုင်းယောင်းမြို့ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဟိုရမ်းကျေးရွာ အရဏ်ဦးစာကြည့်တိုက်နှင့် ယမ်းခမ်းကျေးရွာ သူရိန်စာကြည့်တိုက်တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲမှုရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မင်္ဂလာတောင်ညွန့်မြို့နယ်၏ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၉ရက်က အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းခန်းမ၌ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ရွှေက ကျောင်းသား ကျောင်းသူလေးများအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။

(ပညာရေး)

ရန်ကုန်အနောက်ပိုင်းခရိုင် စာကြည့်တိုက်၌ ပရိဘောဂနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး (ကျောက်တံတား)သို့ အလှူရှင်များမှ ပရိဘောဂနှင့် စာအုပ်များလှူဒါန်းပွဲအခမ်းအနားကို မေ ၂၈ရက် မွန်းလွဲ ၁နာရီက ခရိုင်ရုံး စာကြည့်တိုက်၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် လှိုင်မြို့နယ်မှ ဦးဝင်းလှိုင်ထွန်း (UK Kyaw) မီးစက်ပြုပြင်ရေးက ကလေးစာဖတ်ခန်းအတွက် ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ စားပွဲနှင့်ထိုင်ခုံ ငါးစုံကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်မှ ဗိုလ်ကြီးလှရွှေ (ငြိမ်း)က ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၁၄၄၀၀၀တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၁၄၄အုပ်ကိုလည်းကောင်း လှူဒါန်းကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး နမ့်ခမ်း၌ ကျင်းပ

နမ့်ခမ်း မေ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ၂၀၁၀-၂၀၁၁ခုနှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း သီရိရွှေရည်ခန်းမ၌ မေ ၂၈ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနား၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြလွင်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးကျင်းပရခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် မြို့နယ်ပညာရေးမှူးက ပညာရေးဝန်ကြီးဌာနမှ အခမဲ့ ဖြန့်ဖြူးပေးသော သူငယ်တန်းကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များအား နမ့်ခမ်းမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်များထံ ပေးအပ်ပြီး ချို့တဲ့သော ကလေးများနှင့်ကျောင်းနေရန်ခက်ခဲသောကလေးများအား ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက လှူဒါန်းငွေကျပ် ၁၃၅၀၀၀ ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေစက်ရုံများ၊ ရေကန်များ အစဉ်ကောင်းမွန်ရေးကို ဆောင်ရွက်လျက်ရှိရာ ဧရာဝတီမြစ်မှ ရေစက်ရုံသို့ ရေတင်ပို့သော (ပွန်တွန်းပြင်ဆင်ခြင်း)လုပ်ငန်းကို မေ ၁၇ရက်က ပြင်ဆင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



နည်းပညာတက္ကသိုလ်(လားရှိုး) စုပေါင်းသွေးလှူဒါန်း

လားရှိုး မေ ၃၀

နည်းပညာတက္ကသိုလ် (လားရှိုး)မှ ခေတ္တ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက် ဦးဆောင်ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စုပေါင်း သွေးလှူဒါန်းပွဲကို မေ ၂၈ရက် နံနက် ၉နာရီခွဲတွင် လားရှိုးပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သွေးပုလင်း ၅၀ လှူဒါန်းကြသည်။

(လားရှိုးကိုယ်ပွား)

ငါးရစ်ငါးသန် ဘောမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဈေးအတွင်း စည်းကမ်းတကျ ရောင်းချပေးစေချင်

စာတည်းရှင့်–

ဝက်လက်မြို့နယ် လှတောကျေးရွာစည်ပင်သာယာဈေးအတွင်းရှိ ဈေးသည်များမှာ ဈေးပြင်ပရှိ လူသွားလမ်းများပေါ်တွင်သာ ရောင်းချနေပါ၍ ဈေးအတွင်းရောင်းချနိုင်ရေး စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **ဈေးရောင်းသူတစ်ဦး**

ကားဘော်ဒီ ဆေးမှုတ်လုပ်ငန်းကြောင့် မီးဘေးစိုးရိမ်

စာတည်းရှင့်–

သာကေတမြို့နယ် ၆ အရှေ့ရပ်ကွက် အရှေ့မြို့ပတ်လမ်းရှိ အိမ်တစ်အိမ်တွင် ကားဆေးမှုတ် ဘော်ဒီထုလုပ်ငန်းမှ ဆူညံသံများနှင့် ဆေးအနံ့ဆိုးများကြောင့် အနီးပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပြီး မီးဘေးအန္တရာယ်ကိုပါ စိုးရိမ်နေရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဒုက္ခခံစားနေရသူများ**

တာယာအဟောင်းပုံများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနှင့် ဦးစံညွန့်လမ်းထောင့် နောက်ဖေးလမ်းကြားရှိ အဆောက်အအုံများကြားတွင် ကားတာယာခွေအဟောင်းများ၊ အပုံအပိုင်းများ ပြည့်နေပါသဖြင့် ထွက်ရှိသောအနံ့ဆိုးများသည် ပတ်ဝန်းကျင်တွင် နေထိုင်သောလူများအား ကျန်းမာရေး ထိခိုက်စေခြင်း၊ မိုးတွင်းအခါ မိုးရေများအောင်းပြီး ခြင်များခိုအောင်းခြင်း၊ မီးရေးအတွက် စိတ်ပူရခြင်းများဖြစ်ပေါ်စေနိုင်၍ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စမ်းချောင်းသား

ကျူးကျော်အဆောက်အအုံကြောင့် မီးဘေးအန္တရာယ် စိုးရိမ်နေကြရ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၂)ရပ်ကွက် ဦးစလမ်း တိုက်အမှတ် ၇၈ နှင့် တိုက်အမှတ် ၇၇ကြား အိုးအိမ်ဦးစီးဌာနပိုင်မြေတွင် အကျယ် ၁၅ပေ၊ အလျားပေ ၆၀ ကျူးကျော်၍ ဂိုဒေါင်အဖြစ်အသုံးပြုကာ အခကြေးငွေဖြင့် မီးလောင်ရန်လွယ်ကူသော ပစ္စည်းများကို သိုလှောင်ခြင်း၊ ချက်ပြုတ်စားသောက် နေထိုင်ခြင်းကြောင့် မီးဘေးအန္တရာယ်ပါစိုးရိမ်နေရခြင်း၊ အဆိုပါအဆောက်အအုံကြောင့် မီးသတ်ကားများ ဝင်ထွက်မရနိုင်၍ မကောင်းသောအနံ့အသက်များကိုရှူရှိုက်နေရခြင်းကြောင့် ကျန်းမာရေးထိခိုက်နေရသည့်အတွက် သက်ဆိုင်ရာမှ လိုအပ်သလိုကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာလိုသူ

အိမ်ပိုင်မရှိသူများ မြေနေရာချထားပေးပါ

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ သောင်တန်းမြေနေရာချထားရေးမှ ဌာနဆိုင်ရာများနှင့်အိမ်ပိုင်မရှိသော အိမ်ထောင်စုများအား မဲစနစ်ဖြင့် နေရာချထားပေးရန် စည်းကမ်း သတ်မှတ်ထားသော်လည်း မေ ၁၈ရက်က မြေနေရာလျှောက်ထားသူများဖိတ်ခေါ်၍ မဲချဝေခြမ်းတော့မည့် အချိန်တွင် တိုက်ပိုင်၊ အိမ်ပိုင်ရှိသူများပါ မဲနှိုက်ရန်ပါလာသဖြင့် မဲချမဝေဖြစ်တော့ပါသဖြင့် အိမ်ပိုင်မရှိသူ အိမ်ထောင်စုများ မြေနေရာရရှိစေရေးအတွက်တာဝန်ရှိသူများမှ မော်လမြိုင်ကျွန်းမြို့ သောင်တန်းမြေနေရာချထားရာသို့ ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မျှတစွာဖြစ်စေလိုသူ**

ကျူးကျော်ဈေးသည်များအား ဖယ်ရှားပေးပါ

စာတည်းရှင့်–

ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းသစ်ထိပ်ရှိ ကျူးကျော်ထမင်းဆိုင်တစ်ဆိုင်သည် အမှတ် ၈၅(ဘီ) ကန်ထရိုက်တိုက်ခန်း၏ လှေကားခွင်အားအပိုင်စီးကာ နေ့စဉ်နံနက်မိုးလင်းမှ ညဥ့်နက်သည်အထိ ငရုတ်သီးများကြော်လှော်ခြင်း၊ အသား၊ ငါးများကြော်ခြင်း၊ ကင်ခြင်းတို့အပြင် ဟင်းနှင့်ထမင်းများ ချက်ပြုတ်ရောင်းချနေပါသဖြင့် ပတ်ဝန်းကျင်ရှိဆိုင်ခန်းများနှင့် လူနေတိုက်ခန်းများမှာ အညှော်နံ့ကို အမြဲခံစားနေရပြီး မီးသွေးမီးဖိုကို အသုံးပြုသဖြင့် မီးဘေးအန္တရာယ်လည်းစိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရေတာရှည်လမ်းသူ

ဝက်များမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်–

တောင်ဥက္ကလာပ(၄)ရပ်ကွက် သုတ ၁လမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များကို စီးပွားဖြစ်မွေးမြူလျက်ရှိရာ ဝက်များမှ အနံ့ဆိုးများ နေ့စဉ်နှင့်အမျှ ခံစားနေရခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်မှု ဖြစ်ပေါ်နေပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

တောင်ဥက္ကလာသူ

မီးသတ်ကားများ ဝင်ထွက်နိုင်ရန် ဆောင်ရွက်ပေးပါ

စာတည်းရှင့်–

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၅) ဧရာဝတီလမ်းထောင့် စကားဝါလမ်း (၁၁) ရပ်ကွက်ရှိ စည်ပင်ချိုင့်ဗွမ်းကို ခြေကုပ်ယူပြီး လမ်းမြေကိုဖွဲ့ယူမြေဖို့ကာ အအေးဆိုင်ရောင်းချနေသောကြောင့် နွေရာသီ အရေးပေါ်မီးသတ်ကားများ ဝင်ထွက်၍မရပါသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(၁၁)ရပ်ကွက်သူ**

ဝက်ခြံမှ အနံ့ဆိုးမခံနိုင်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဆယ်မိုင်အုပ်စု(၃) အောင်ဘောဂလမ်းရှိ ဝက်ခြံသည် ရေစီးရေလာမြောင်းကိုခွ၍ စီးပွားဖြစ် ဝက်များမွေးမြူလျက်ရှိရာ ဝက်ခြံမှထွက်ရှိသော ဝက်ချေးအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ ကျန်းမာရေး ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဝက်ခြံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ဟင်္သာတ၌ အင်ဂျင်စက်သံနားမခံနိုင်မှု ဆောင်ရွက်ပြီးစီး

၅-၄-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဟင်္သာတမြို့ ဘုရားကြီးရပ်ကွက် ဦးဝိစာရလမ်းပေါ်ရှိ ပဲပွဲရုံမှ အင်ဂျင်စက်သံကြောင့် ပတ်ဝန်းကျင်နေသူများ နားမခံသာ**ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရွှေဘိုမြို့ သရက်ခြံ ဖိလမ်း ရေရရှိရေးဆောင်ရွက်ပြီးစီး

၁၀-၅-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရွှေဘိုမြို့ မဟာနန္ဒာကန်တော်မှ မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေပေးဝေလျက်ရှိရာ အခြားရပ်ကွက်နှင့် လမ်းများသို့ ရေလာသော်လည်း သရက်ခြံ ဖိလမ်းတွင် ရေမရပါသဖြင့် ရေရရှိရေးဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပျံကျဈေးသည်များ ဖယ်ရှားဆောင်ရွက်ပြီးစီး

၈-၃-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြင်းခြံမြို့ အေးမြသီတာဈေးတောင်ဘက်ကားလမ်းပေါ်နှင့် သုမ္ဗောလမ်း၊ ကမာတန်းလမ်းများပေါ် စည်းကမ်းမဲ့ ကျူးကျော်ဈေးသည်များနှင့် အနီးရှိတိုက်ခန်းများမှအဖီများ လမ်းပေါ်သို့ထုတ်၍ ကျူးကျော်ဈေးရောင်းသဖြင့် ဖယ်ရှားပေးစေလို** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စားသောက်ဆိုင်မှ ညှော်နံ့ပေါင်းစုံ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ် (၈၂)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် စစ်တောင်းရိပ်မွန် မြမင်္ဂလာလမ်း ဘောလုံးကွင်းထိပ်ရှိ စားသောက်ဆိုင်သည် နံနက် ၆နာရီမှ ည ၉နာရီအထိ ညှော်နံ့ပေါင်းစုံကို နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်စေ၍ သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

ကြက်ခြံမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်–

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်း စံပြကျေးရွာ ရပ်ကွက်ကြီး (၂)၊ ရပ်ကွက်ငယ် (၄)၊ ငထင်ငယ်လမ်းရှိ နေအိမ်တစ်အိမ်တွင် ကြက်များ ခြံနှင့် မွေးမြူထားရာ ကြက်ခြံမှအနံ့ဆိုးများ ထွက်ရှိနေပါသည်။ ယင်းအနံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ ကျန်းမာရေး ထိခိုက်နေရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

31-5 (12).pmd 1 5/31/2010, 2:09 AM

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးဝင်းမြင့်(ငြိမ်း)-ဒေါ်နန်းစံခမ်းတို့၏သားကြီး
မောင်မိုးဇော်ဟိန်း B.A (Myanmar)
နှင့်
ရန်ကုန်မြို့နေ
ဗိုလ်မှူးချုပ်မြင့်ဟိန်း-ဒေါ်ခိုင်ဝါဝါတို့၏သမီးကြီး
မနှင်းဆုဝေ B.C.Sc(Hons); M.C.Sc

တို့၏ ၁၇-၄-၂၀၁၀ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Traders Hotel ညောင်တုန်းခန်းမ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နှင်းဦး၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြသော ဦးစိန်သောင်းဦးနှင့် ဦးဝင်းမြင့်တို့အားလည်းကောင်း၊ ၁၅-၅-၂၀၁၀ရက်တွင် မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃၀-၅-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel (Grand Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးနှင့် မင်္ဂလာရတုပိုဒ် သီဆိုပေးပါသော အဆိုတော် ဒေါ်နှင်းရည်သန့်၊ မင်္ဂလာပန်းကြဲပေးပါသော မသက်ထားညိမ်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မိုမိုစောမင်း၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မရွှန်းလက်နှင်းဦး၊ မရတီနှင်းဦးနှင့် မင်္ဂလာသတို့သားအရံ ဆောင်ရွက်ပေးပါသော မောင်ဘိုဘိုစောမင်း၊ မောင်ရဲထွဋ်အောင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာနန်းဖြူစင်တိုးမြင့်နှင့် မသီရိကျော်ကျော်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော မဇူ (Zu Zu Collection)၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော စိန်ဧကရာဇ်စိန်တိုက်၊ ပန်းအလှပြင်ဆင်ပေးပါသော ဦးလင်းနှင့်အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှ ဖန်တီးရှင် ဦးစိုး၊ မင်္ဂလာဖိတ်စာ ပြင်ဆင်ပေးပါသော ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ ဆီဒိုးနားဟိုတယ်မှ ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်မိုးဇော်ဟိန်း-မနှင်းဆုဝေ။

ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ဆန်းပိုင်း (ကလစ်နှင့်ဖန်စီ/ စ-၈၂၊ ၈၃၊ ၆၃၊ ၆၄)
(မင်္ဂလာဈေး၊ ၄ လွှာ)ဆိုင်အား
အိမ်အမှတ် (၉၃)၊ မြေညီ၊ ၁၂၃လမ်း(အပေါ်) သို့
ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

လမ်းညွှန် - ၄လမ်း မှတ်တိုင်ဆင်း၊ မင်္ဂလာဈေးဘက်ခြမ်း၊ (လမ်းထိပ်ဟိန္ဒူဘုရားကျောင်းရှိ)
ဖုန်း-၂၀၁၃၀၄၊ ၀၉-၅၁-၆၀၀၇၈၊ ၀၉-၅၀-၅၆၀၈၃၊ ၀၉-၅၁-၉၄၁၃၁။



ကြီးသူပဲဖြစ်ဖြစ်
ငယ်သူပဲဖြစ်ဖြစ်
ကျေးဇူးတရားဆိုတာကို
သိတတ်တဲ့လူမှ
သိတာပါ
မသိတတ်တဲ့သူနှင့်ကျတော့
ကိုယ်လုပ်ပေးခဲ့သမျှ အရာတွေအားလုံးဟာ
သဲထဲရေသွန် ပါပဲ။
မင်းအုပ်စိုး ရဲ့
သဲထဲရေသွန် ဇာတ်ကား
ထွက်ရှိနေပါပြီ။



သမ္မာအလင်းရောင်စာကြည့်တိုက် တစ်နှစ်ပြည့်အထိမ်းအမှတ်ကျင်းပ

ဘီးလင်း မေ ၃၀

ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ သမ္မာအလင်းရောင် စာကြည့်တိုက်၏ တစ်နှစ်ပြည့်အထိမ်းအမှတ်ကို မေ ၄ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရွှေခိုင် အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

သေးတဲ့ငါးကို
ကြီးစေလို
ငါးရစ်ဆို
မဖမ်းနဲ့

ပို့ဆောင်နှုတ်ဆက်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မြန်မာ့ရိုးရာ ခြင်းလုံးခတ်သရုပ်ပြပွဲများ ကျင်းပရန် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ဘဏ္ဍာရေးမှူး ဦးထွန်းဝင်း(ခ) ဦးမြင့်လွင် ဦးဆောင်သည့် မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြအဖွဲ့ မေ၂၆ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရဲအောင် လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်စဉ်။

(ခြင်းလုံးအဖွဲ့ချုပ်)

ကွင်းဆင်းကြည့်ရှု

ကွတ်ခိုင်မြို့ပေါ်သို့ ရေပေးဝေလျက်ရှိသော ခိုလုံရေထွက်ဦး ရေသိုလှောင်ထားရှိနိုင်မှု အခြေအနေကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ အမှုဆောင်အရာရှိ ဦးနန်းဖိန်းလှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တရားမဝင် ဗီဒီယိုခွေများ ငှားရမ်းပြသ ဖြန့်ချိရောင်းချသူများအား ထိရောက်စွာအရေးယူမည်

ရန်ကုန် မေ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ ရန်ကုန်တိုင်းမှ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေ၊ လုပ်ငန်းရှင်များက ထုတ်လုပ်သော အငြိမ့်၊ လက်ဝှေ့၊ တရားခွေတို့ကို ဗွီစီဒီ၊ ဒီဗွီဒီ၊ ခိုးကူးခွေများကို ငှားရမ်း၊ ပြသ၊ ဖြန့်ချိ၊ ရောင်းချ (လမ်းဘေးဈေးသည်များ အပါအဝင်) သူများအား ဇွန် ၁ရက်မှ စတင်၍ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း လုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂နာရီက စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ ခမ္မာရုံ၌ ကျင်းပသည်။

အရေးယူမည်

အစီအစဉ်အရ ဗီဒီယိုစိစစ်ကြီးကြပ်ရေး အတွင်းရေးမှူး ဦးသိန်းနိုင်က သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျလိုက်နာကြရန်နှင့် ပျက်ကွက်ပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည့်အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)**နှင့် တက်ရောက်လာသော လုပ်ငန်းရှင်များက မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(၁၀၃)**

ဇဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြို့နယ်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂၂ရက်က ရေတာရှည်ရပ်ကွက်ရှိ အမက (၂၂) ကျောင်းဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းတို့ကို ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ် ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၅)

သုတဂုဏ်စာကြည့်တိုက် တိုက်ကြီးမြို့နယ်၌ဖွင့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း စာအုပ်များလှူဒါန်း

တိုက်ကြီး မေ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဘွက်ကုန်းကျေးရွာအုပ်စု သစ်ခေါင်းကြီးကျေးရွာတွင် မေ ၂၂ရက် နံနက် ၁၁နာရီက သုတဂုဏ် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါစာကြည့်တိုက်သစ်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းလွင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးတင်ဆွေမြင့်က စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းပြီး ကျေးရွာ စာကြည့်တိုက်ဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက တန်ဖိုးငွေကျပ် ၇၅၅၀၀ရှိ သုတရသ၊ စာအုပ်စာစောင် ၁၅၅အုပ်နှင့် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းလွင်က လက်ခံယူသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်လွင်၊ ရပ်မိရပ်ဖ ဦးစိုးဝင်းနှင့် အမက (ဘိုသိုး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးနွဲ့တို့က သုတရသ၊ စာအုပ်စာစောင် ၂၃၆အုပ်တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ရန်ကုန်-မန္တလေးလမ်းဘေးဝဲယာရှိ ပန်းအလှပင်များပုံဖော်နေမှုကို ဒေါ်သင်းသင်းနွယ် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မိသားစုကျန်းမာရေးနှင့် အိမ်တွင်းကုထုံးများ စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၃၀

ပါမောက္ခ ဒေါက်တာအောင်ကြီး၏ အမှာစာနှင့်အတူ ဒေါက်တာဆရာမြင့် (စကြာမင်း)၏ မိသားစုကျန်းမာရေးနှင့် အိမ်တွင်းကုထုံးများစာအုပ်ကို မြင့်မြတ်မြန်မာစာပေမှ စီစဉ်၍ ရန်အောင်စာပေက ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ရေးသားတင်ပြ

ထိုစာအုပ်တွင် အသည်းမာ၊ အသည်းခြောက်ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ သွေးအားနည်းရောဂါ၊ သွေးကင်ဆာရောဂါ၊ သွေးယိုစီးမှုရောဂါ၊ သွေးတိုးရောဂါ၊ သွေးလျော့ရောဂါ၊ နှလုံးရောဂါများ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ ကျောက်ကပ်ရောဂါ၊ ဆီးချိုသွေးချိုရောဂါများ၊ ဆီးကျိတ်ကြီးရောင်ရောဂါ၊ မီးယပ်ရောဂါများ၊ မီးယပ်သွေးလွန် သွေးသွန်ရောဂါ၊ မီးယပ်အဖြူဆင်းရောဂါ၊ မီးတွင်းဖျားရောဂါ၊ သားအိမ်စောင်းရောဂါ၊ အဖျားရောဂါများ၊ ငှက်ဖျားရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ တုပ်ကွေးကြီးရောဂါ၊ ဆုံဆို့နာ၊ သဲသန်းကိုက်ဖျားရောဂါ၊ ပါးကျိတ်ရောင်ရောဂါ၊ လေးဖက်နာဖျားရောဂါ၊ အပူလွန်ခြင်းနှင့် အပူလျှပ်ခြင်း၊ ရေကျောက်ရောဂါ၊ ဝက်သက်ဖျား၊ အဖုအကျိတ်အဖျားရောဂါ၊ အနာမီးရောဂါ၊ အဆုတ်ရောဂါ၊ ဆီးမည်းဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါများ၊ အအေးမိခြင်းရောဂါ၊ နှာခေါင်းသွေးလျှံခြင်း၊ ရိုးရိုးတုပ်ကွေးရောဂါ၊ ချောင်းဆိုး လည်ချောင်းနာရောဂါများ၊ ကြက်ညှာ ချောင်းဆိုးရောဂါ၊ လေပြွန်ရောင်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အာသီးရောင်ရောဂါ၊ အသံဝင်ရောဂါ၊ တီဘီရောဂါ၊ အူတီဘီရောဂါ၊ ကြို့ထိုးရောဂါ၊ အဆုတ်ရောင်ရောဂါ၊ အရေပြားနှင့် ဆံပင်ရောဂါများ၊ အနာကြီးရောဂါ၊ ဝဲနှင်းခူ၊ ခရုသင်းရောဂါ၊ အသားယားယံခြင်းနှင့် အင်ပြင်ကြီးရောဂါ၊ ဆံပင်ဖြူရခြင်းအကြောင်းများ၊ ထိပ်ပြောင်ခြင်း၊ မျက်စိရောဂါများ၊ အနီးမှုန်ရောဂါ၊ မျက်မြေးရောင်ရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ နားကိုက်ခြင်း၊ နားအူ၊ နားဆူခြင်း၊ နားပုပ်၊ နားပြည်ယိုခြင်း၊ ရေစီးကမ်းပြိုရောဂါ၊ သွားကိုက်ခြင်း၊ ချာချာလည်အောင်မူးသည့်ရောဂါ၊ အိပ်မပျော်ရောဂါ၊ မေ့မြောခြင်း၊ စိတ်ရောဂါများ၊ စိတ်ကြောင့်တက်သောရောဂါ၊ မှတ်ဉာဏ်သတိလျော့ပါးခြင်း၊ လေဖြတ်ခြင်း၊ ပိုလီယိုရောဂါ၊ ကြွက်တက်ခြင်း၊ နောက်ကျောတက်ရောဂါ၊ ဝမ်းချုပ်ခြင်း၊ အစာမကြေလေပွရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အစာအိမ်ရောင်ရောဂါ၊ လေထိုး၊ လေအောင့်ရောဂါ၊ အဝလွန်ရောဂါ၊ လေးဖက်နာရောဂါ၊ ဆီးလမ်းကြောင်းအဖွဲ့အစည်းရောဂါများ၊ အဖောရောဂါ၊ ပန်းသေ၊ ပန်းညှိုးရောဂါစသည့် ရောဂါပေါင်း တစ်ရာကျော်ကို ဒေါက်တာဆရာမြင့်ကိုယ်တိုင် စနစ်တကျ သုတေသနပြု၍ ကုသအောင်မြင်ခဲ့သော ကုထုံး၊ ဆေးဝါးများနှင့် အိမ်တွင်းအလွယ်ကုထုံးများကို ဆရာစားမချန် ရှင်းလင်းလွယ်ကူစွာ ရေးသားတင်ပြထားသည့်အပြင် အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများကိုလည်း ဖော်ပြထားခြင်းကြောင့် မိသားစုတိုင်း၊ တိုင်းရင်းဆေးသုတေသီတိုင်း၊ တိုင်းရင်းဆေးပညာရှင်တိုင်း လက်စွဲထားသင့်သော ကုထုံးစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ဖြန့်ချိ

မိသားစုကျန်းမာရေးနှင့် အိမ်တွင်းကုထုံးများစာအုပ်ကို ရန်အောင်စာပေ ဖုန်း-၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈ မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်း သိရသည်။

(သတင်းစဉ်)

ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လယ်ဦးစု-အုတ်ပုံကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မေ ၁၈ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုတက်ရောက်၍ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းညွန့်နှင့် ရပ်မိရပ်ဖ ဦးဝင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနား ပဲခူးမြို့ သားဖွားသင်တန်းကျောင်း၌ ကျင်းပ

ပဲခူး မေ ၂၄

ပဲခူးတိုင်း အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၁၂ရက် နံနက် ၉နာရီက ပဲခူးမြို့ သားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးမူက အဖွင့်အမှာစကား ပြောကြားပြီးနောက် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်လှ၏ သဝဏ်လွှာကို လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်အေးသန်းက ဖတ်ကြားသည်။

ပေးအပ်

ယင်းနောက် အရည်အသွေးပြည့်ဝစွာ ပြည်သူ့အတွက်ဆောင်ရွက်ပါ၊ နာတာရှည်ရောဂါမဖြစ်ရေး သူနာပြုများ ဦးဆောင်ပေး ဆောင်ပုဒ် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူတို့အား လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်အေးသန်းနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေတလာ

ဧပြီ ၂၉ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း (သာမန်)နှင့် ခေါင်းဆောင်မှု သင်တန်းဆင်းပွဲတွင် သင်တန်းသား သင်တန်းသူများအား မြို့နယ်ကြက်ခြေနီအသင်း ဒုတိယ တပ်ရင်းမှူးဦးမျိုးမင်းဆွေ သင်တန်းဆင်း လက်မှတ်များ ပေးအပ်စဉ်။ (၀၁၅)

ပေါင်မြို့နယ် ပန်းကုန်းကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ပေါင် မေ ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာတွင် သုတပျိုးခင်းစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားနှင့် စံ(၅)ရပ် ဆွေးနွေးပွဲကို မေ ၅ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြီးငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟောပြောဆွေးနွေး

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ် (၅)ရပ်နှင့် စာငှားကတ်စနစ်ကျင့်သုံးရေး ဟောပြောဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ထောက်ပံ့ လှူဒါန်း

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ကြီးကြပ်ရေး) အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်းနှင့် မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းကြိုင်နှင့် အဖွဲ့ဝင်များ မေ ၁၇ရက်က မွေးလူနာများအား စားသောက်ဖွယ်နှင့် ငွေများ ထောက်ပံ့လှူဒါန်းစဉ်။ (၀၃၅)

ရောင်းရန် ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၁၀ ခုနှစ် တရားမဇာရီမှုအမှတ်-၃၅

မြန်မာ့စီးပွားရေးဘဏ် နှင့် ဒေါ်နွဲ့နွဲ့ရီ
မိတ္ထီလာမြို့။
တရားနိုင် တရားရှုံး

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၁၄၇တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် ဇွန် ၂၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်ရှိ အကွက်အမှတ်(၁၄/ခ-ပေါက်ချောင်း)၊ ဦးပိုင်အမှတ် (၈၆/ဃ)၊ မြေကွက်အမှတ်(၁၀၆/၂၁၁)၊ မြေချိန်ဧရိယာ ၀ဒသမ၀၆၈ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ (၂၉×၂၇)ပေရှိ လူနေနှစ်ထပ်တိုက်၊ ပေ(၁၀×၁၀)ရှိ မီးဖိုချောင်၊ ရေချိုးခန်း။
လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။
၂၀၁၀ခုနှစ် မေ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စန်းယုတင်
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး။

တရားမပုံစံအမှတ်-၉၄

ရောင်းရန် ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၁၀ ခုနှစ် တရားမဇာရီမှုအမှတ်-၂၃

မန်နေဂျာ နှင့် ၁။ ဦးဝင်းမော်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်မော်လီမြင့်
မြင်းခြံမြို့။ အမှတ်(၆)ရပ်ကွက်၊ မြင်းခြံမြို့။
တရားနိုင် တရားရှုံးများ

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၈တွင်ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် ဇွန် ၂၈ရက်(မြန်မာသက္ကရာဇ် ၁၃၇၂ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/က)၊ ကွေ့ကြီးကမ်းယံ ဦးပိုင်အမှတ်-၁၈၄၊ ဧရိယာ ၀ဒသမ၀၃၁ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ (၂၉×၂၇×၁၈)ပေရှိ ၄½လက်မထု နံရံကာနှစ်ထပ်တိုက်နှင့် တစ်ဆက်တည်း (၂၉×၁၄×၁၀)ပေရှိ သွပ်မိုးအဖီချထားသည်။
ကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။
၂၀၁၀ခုနှစ် မေ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်မင်း(တ/၁၅၈၈)
ခရိုင်တရားသူကြီး
မြင်းခြံခရိုင်တရားရုံး။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ခရိုင်တရားမရုံး၌
၂၀၁၀ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၆
ကွယ်လွန်သူ ဒေါ်ခင်သန်း၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဦးသောင်း (ခ) ဦးဖိုင်ဇယ် လျှောက်သူ

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ (၂)ရပ်ကွက်၊ တိုက်အမှတ်-၂၂၆၊ လေးလွှာ(ယာ)နေ ဦးသောင်း(ခ)ဦးဖိုင်ဇယ်က ကွယ်လွန်သူ ဒေါ်ခင်သန်း၏ မောင်ဖြစ်သည်ဟူ၍ ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်-၂၅၁၊ လေးထပ်၊ အခန်း-၈နေ ၎င်းကွယ်လွန်သူ ဒေါ်ခင်သန်းမှာ ကျန်ရစ်သောပစ္စည်းပိုင်နက်၊ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်သန်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၀ခုနှစ် ဇွန် ၁၄ရက် (၁၃၇၂ခုနှစ် ပထမဝါဆိုလဆန်း ၃ရက်) တနင်္လာနေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးသောင်း (ခ) ဦးဖိုင်ဇယ်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။ ၂၀၁၀ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်း
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

တရားမပုံစံအမှတ်-၉၄

ရောင်းရန် ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၁၈၂

ခရိုင်မန်နေဂျာ နှင့် ဦးဟာမက်
မြန်မာ့စီးပွားရေးဘဏ်
မိတ္ထီလာမြို့။
တရားနိုင် တရားရှုံး

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်-၄၅၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ ခုနှစ် ဇူလိုင် ၇ရက် (မြန်မာသက္ကရာဇ် ၁၃၇၂ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်၊ အကွက်အမှတ်(၁၀/က ဒုဟတ္တန်း)၊ ဦးပိုင်(၁၃၅/စ)၊ မြေကွက် အမှတ်(၁၁၉/၂၁၂)၊ ဧရိယာ ၀ ဒသမ ၀၃၈ ဧကရှိ ဂရန်မြေ၊ ၎င်းမြေပေါ်ရှိ လူနေနှစ်ထပ်တိုက်၊ မီးဖိုချောင်၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ။ လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။
၂၀၁၀ခုနှစ် မေ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နုယဉ်
တွဲဖက်တိုင်းတရားသူကြီး(၁)
မန္တလေးတိုင်းတရားရုံး။

ပြောင်းလဲခေါ်ပါရန်

ဖျာပုံမြို့ အထက(၁) နဝမတန်း(C)မှ ဦးစိုးမင်း၏ သမီး မနှင်းဝတ်ရည်စိုးအား မနှင်းဝတ်ရည် (ခ) လမင်းအိမ်ဟု ပြောင်းလဲခေါ်ပါရန်။ **မနှင်းဝတ်ရည်(ခ)လမင်းအိမ်။**



မကွေးတိုင်း ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ပေါက်မြို့နယ် ဝန်တင်အုပ်စု ဝန်တင်ကျေးရွာ စက်ရေတွင်းကောင်းမွန်စွာလည်ပတ်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ငါးရစ်ငါးသန်များနှင့်ဥကပ်ပုစွန်တုပ်များ မဖမ်းဆီးရေး မော်လမြိုင်ကျွန်းမြို့နယ်တွင် ပညာပေး ဟောပြောဆွေးနွေး

မော်လမြိုင်ကျွန်း မေ ၂၈

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးနှင့်ဝန်ထမ်းများသည် မေ ၁၅ရက်နှင့် ၁၆ရက်များက မြို့နယ်အတွင်းရှိ မိဿလင်ကုန်း၊ မြတ်သာ၊ နတ်မှူး၊ သစ်တိုဆိပ်၊ ဒွန်းတဘတ်နှင့် ထူတောကမြကျေးရွာများသို့ကွင်းဆင်းသွားရောက်ကြပြီး ရေလုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရေလုပ်သားများနှင့်တွေ့ဆုံပြီး ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး ဟောပြောကြသည်။

ထို့နောက် မေ ၁၈ရက်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးက ငါး၊ ပုစွန် အဝယ်ဒိုင်လုပ်ငန်းရှင်များ၊ အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့်တွေ့ဆုံပြီး ငါးရစ်ငါးသန်ကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများ၌ ငါးရစ်ငါးသန်များနှင့် ဥကပ်ပုစွန်တုပ်များ မဖမ်းဆီးရေး၊ ဘက်ထရီရှော့တိုက်နှင့် အဆိပ်ချငါးဖမ်းဆီးခြင်းမပြုရေးနှင့် တားမြစ်ထားသည့် ငါးဖမ်းပိုက်များဖြင့် ငါးရစ်ငါးသန်ကာလများတွင် ငါးဖမ်းဆီးခြင်းမပြုရေးတို့ကို ပညာပေးဆွေးနွေး ဟောပြောကြသည်။ *(၁၄၂)*

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရွှေနဒီရေပေါ်ဈေးကို ရေလမ်းမှ ကူးသန်းရောင်းဝယ်ရေး အကျိုးပြုဆိပ်ခံတံတားနှင့် ရေဆင်းတံတားတည်ဆောက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်ကျော်အောင်တို့ ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူမင်းက တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့ သာယာလှပရေး ဆောင်ရွက်

ချောင်းဆုံ မေ ၂၉

ချောင်းဆုံမြို့ တိုးချဲ့လမ်းမကြီး တစ်လျှောက်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးနေမှုကို မေ ၁၅ရက်က အဖွဲ့ဝန်ထမ်းများဖြင့် စိုက်ပျိုးလျက်ရှိရာ အမှုဆောင်အရာရှိ ဦးရဲဝင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကျေး လက်ဒေသလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့များကစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်သည့် ကျီး ပင် အင်း - သင်တောရိုး ဂဝံလမ်း အပြီးသတ်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) သူရဦးမြင့်သူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းမြို့နယ်အတွင်းရှိကျေးရွာများ၌ ရေရရှိရေး ဆောင်ရွက်

ရှမ်း မေ ၂၉

ရှမ်းမြို့နယ်အတွင်းရှိ တောင်ပို့ကွဲကျေးရွာ၊ မွေးပြတ်ကျေးရွာ၊ နန်းခုံးကျေးရွာ၊ ပွဲရင်တောင်ကျေးရွာနှင့် ရွှေစင်ကျေးရွာတို့တွင် သောက်သုံးရေခက်ခဲသဖြင့် မြို့နယ်စည်ပင်နှင့် စေတနာရှင်ပြည်သူများက မော်တော်ယာဉ်များဖြင့် ဖြန့်ဝေလှူဒါန်းခဲ့ကြသည်။ ၎င်းကျေးရွာများသည် ရေသိုလှောင်ပြီး တစ်နှစ်ပတ်လုံး သုံးစွဲသည့်ကျေးရွာများဖြစ်ပြီး မေ ၁၇ရက်က မိုးပုံမှန်ရွာသွန်းသဖြင့် ရေလုံလောက်စွာရရှိနေပြီး မေ ၂၅ရက်တွင် မြို့နယ်အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် သက်ဆိုင်ရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသော မြို့တွင်းကတ္တရာလမ်းများနှင့် လမ်းလယ်ကျွန်းကို ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်မှာ····။

ဖွံ့ဖြိုးစည်ပင် ဝမ်းတွင်းမြို့တစ်ခွင်

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ / ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) / စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

ဝမ်းတွင်း မေ ၃၀

သန့်ရှင်းနေသော ဝမ်းတွင်းမြို့။ ဝမ်းတွင်းမြို့ သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များရယူရန် သတင်းအဖွဲ့ ဝမ်းတွင်းမြို့သို့ ခရီးတစ်ထောက် ရောက်ရှိခဲ့သည်။ ဝမ်းတွင်းမြို့ကား အခြားမြို့များနှင့်မတူ သန့်ရှင်းသပ်ရပ်မှုရှိသည့် မြို့တစ်မြို့ပင်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ကောင်းမြတ်သူ - ရေးသားသည်

ဂျီနီဗာ မေ ၃၀

မေ ၃၁ရက်(ယနေ့)သည်ကား ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ပင် ဖြစ်၏။ ၁၉၈၇ ခုနှစ်မှစပြီး ထိုနေ့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ၌ ကျင်းပခဲ့သည်။ ဤနေ့တွင် ကမ္ဘာတစ်ဝန်း ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများ ကျင်းပလျက်ရှိသည်။ ဆေးလိပ်မသောက်ရေးနေ့အဖြစ် ကမ္ဘာတစ်ဝန်း၌ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

မှတ်သားဖွယ်ရာမိုးရေချိန်များ

၃၀-၅-၂၀၁၀

နေပြည်တော် (သပြေကုန်း)	၁ ဒသမ ၇၄ လက်မ
ကသာမြို့	၃ ဒသမ ၈၅ လက်မ
ရေးမြို့	၂ ဒသမ ၄၀ လက်မ
ပေါင်မြို့	၁ ဒသမ ၇၇ လက်မ
ကန့်ဘလူမြို့	၁ ဒသမ ၅၀ လက်မ
မော်လမြိုင်မြို့	၁ ဒသမ ၃၄ လက်မ
ဂန့်ဂေါမြို့	၁ ဒသမ ၁၈ လက်မ